မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်၊ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီ ၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၆)၊ အမှတ် (၁၃၀)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆေးတပ်ဖွဲ့တာဝန်ထမ်းဆောင်ရင်း သုတေသနယှဉ်တွဲဆောင်ရွက်ပြီး နီးနှောပွဲတွင် တင်သွင်းဆွေးနွေး သုတေသီများ ပူးပေါင်းဆောင်ရွက်မှု နှစ်စဉ်ပါဝင်၍ သုတေသနနယ်ပယ်၌ တိုးတက်မှုများရရှိနိုင်မည်

ဆေးဝန်ထမ်းတပ်ဖွဲ့ကို ခေတ်နှင့်ရင်ပေါင်တန်းနိုင်သည့်အဖွဲ့အစည်းတစ်ခုဖြစ်အောင် ဆောင်ရွက်လျက်ရှိ အရည်အသွေး ပိုမိုမြင့်မားအောင် မိမိတို့ကျွမ်းကျင်သည့် ဘာသာရပ်တစ်ခုချင်း အလေးထားသုတေသနပြု

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၁၅)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၆

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀) ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည့် (၁၅)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး (၁၅)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ ဆေးနှင့်ဆေးပစ္စည်းပြပွဲသို့ တက်ရောက်ချီးမြှင့်သည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻

ကုသရေး၊ လေ့ကျင့်ရေး၊ ရောဂါနှိမ်နင်းရေးစသည့် ကဏ္ဍပေါင်းစုံမှာ သုတေသနလုပ်ငန်းများ တွင်တွင်ကျယ်ကျယ် လုပ်ဆောင်ရင်း တွေ့ရှိချက်များကိုပြန်လည် အသုံးချပြီး အရည်အသွေး ပိုမိုတိုးတက်အောင် ဆောင်ရွက်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)

တရားစီရင်ရေးမဏ္ဍိုင် မတိမ်းစောင်းရအောင် ဆောင်ရွက် ပြည်သူများယုံကြည်ကိုးစားသည့် တရားစီရင်ရေးပေါ်ထွန်းရန် ကြိုးပမ်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဖေဖော်ဝါရီလ ၅ ရက်နေ့က နေပြည်တော်ရှိ ရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ တိုင်း တရားသူကြီးများနှင့် ဥပဒေအရာရှိများအား တွေ့ဆုံပြီး တရားရေးဆိုင်ရာများ၊ ဥပဒေရေးရာကိစ္စများ မှာကြားသည်။

နိုင်ငံတော်က ဖွံ့ဖြိုးတိုးတက်မှု၏ ရလဒ်ကောင်း၊ အခြေခံကောင်းများကို ပြည်သူများ အပြည့်အဝ ခံစားနိုင်အောင်၊ တရားဥပဒေဘောင်အတွင်း လူမှုသုခအပေါင်း ရရှိခံစားနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

တရားရုံးများသည် လူမှုသုခအပေါင်းကို မှန်ကန်မျှတစွာ ဖြေရှင်းပေးနိုင်သည်နှင့်အမျှ ပြည်သူက အသိအမှတ်ပြုလာကြစမြဲ ဖြစ်သည်။ တရားရုံးများ၏ ဂုဏ်သိက္ခာမြှင့်တင်နိုင်ရေးအတွက် အမှား၊ အမှန်ခွဲခြားပြီး တရားမျှတမှုနှင့် သင့်မြတ်မှုပေးနိုင်အောင် ကြိုးစားကြရမည် ဖြစ်သည်။

တရားသူကြီးများသည်လည်း ပြည်သူက လေးစားယုံကြည်ထိုက်သော သိက္ခာ၊ ကိုယ်ကျင့် တရားများအပြင် ခေတ်အမြင်၊ ခေတ်အတွေး ပြည့်ဝနေအောင် ဖြည့်ဆည်းနေကြရမည် ဖြစ်ပြီး အမှုသည်များအား အနိုင်အရှုံး ဆုံးဖြတ်ပေးရုံသာမက ဥပဒေ၏တန်ဖိုးနှင့် ဥပဒေ၏စောင့်ရှောက်မှုကို နားလည်လာအောင် ပညာပေးစည်းရုံးကြရမည်။

ပြည်သူက တရားဥပဒေကို လေးစား၊ တရားဥပဒေက ပြည်သူကိုစောင့်ရှောက်သည့် အပြန်အလှန် သဘောပေါ်လွင်လာပြီး ပြည်သူများ အားကိုးယုံကြည်သော တရားရေးစနစ်ဖြစ်ရေး ပြုပြင်ထူထောင်ပေးကြရမည်။

ထို့အပြင် တရားသူကြီးများနှင့် ဥပဒေဝန်ထမ်းများအရည်အချင်းပြည့်ဝအောင် ကျင့်ကြံပြောဆို နေထိုင်နိုင်ရေး အစဉ်လေ့လာပြုပြင်နေခြင်းဖြင့် တရားသူကြီးများက တရားခွင်ကို ဥပဒေနှင့်အညီ ထိန်းကျောင်းနိုင်သလို ဥပဒေဝန်ထမ်းများကလည်း တရားခွင်နှင့် ပြည်သူကိုပါ စောင့်ရှောက်သွားနိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းများတွင် ဆက်စပ် ထမ်းဆောင်နေကြသူများသည် တရားစီရင်ရေးမဏ္ဍိုင် မတိမ်းစောင်းရအောင် ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ပြည်သူများ ယုံကြည် ကိုးစားသည့် တရားစီရင်ရေး ပေါ်ထွန်းရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၂-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

၇း၀၀ MRTV-4 အဖွင့် Logo
ယနေ့အစီအစဉ်
၇း၀၅ ဆုံးမစကားကိုလေးစားပါ
တရားတော်(ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရ ဆရာတော်)
၈း၀၅ နည်းပညာသစ်ဆန်း
ပြည်တွင်းလျှပ်စစ်ရဲ့အစွမ်း
၈း၂၅ တေးဂီတအစီအစဉ်
၈း၃၀ နိုင်ငံတကာအနုပညာရေးရာ
၉း၀၀ ဒေသဖွံ့ဖြိုးတိုးတက်စေမည် ဒုဋ္ဌဝတီ
၉း၁၅ ကယားရိုးရာ
ဝတ်စားဆင်ယင်မှုပြကွက်
၉း၂၀ တေးဂီတအစီအစဉ်
၉း၂၅ Midweek Sports News
၉း၄၀ ပြည်တွင်းသတင်းအကျဉ်း
၉း၅၀ မေတ္တာနေခြည်အောက်မှ ကရုဏာပန်းကလေးများ (ရွှေဂုံတိုင် ကလေးပြုစုရေးဌာန)
၉း၅၅ တေးဂီတအစီအစဉ်
၁၀း၀၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅ သီချင်းကောင်းကောင်း
သီချင်းတောင်း
၁၀း၃၀ မိုးလေဝသခန့်မှန်းချက်
၁၀း၃၅ အရသာထူးကဲ ဆယ့်နှစ်ရာသီပိန္နဲ
၁၀း၅၅ တေးဂီတအစီအစဉ်
၁၁း၀၀ ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀ မမေ့နိုင်စရာ ရှမ်းရိုးရာအစားအစာ
၁၁း၃၀ တေးဂီတအစီအစဉ်
၁၁း၃၅ အာဟာရနှင့် ကျန်းမာရေး
(သတ္တုဓာတ်နှင့် ဗီတာမင်များအကြောင်း) [ဒေါက်တာအေးကျော် (ဓိဝကမ္မဗေဒ)]
၁၂း၀၅ နိုင်ငံတကာသတင်းအကျဉ်း
၁၂း၁၀ MRTV-4
စာအုပ်စင်ကဏ္ဍ
(စာရေးဆရာမ ပုညခင်နှင့် တွေ့ဆုံခြင်း)
၁၂း၃၀ တေးဂီတအစီအစဉ်
၁၂း၃၅ ကျက်သရေတင့်တယ် လှစေမယ်
အပိုင်း-(၁)
၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

International Friendly England ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၂၅	England-Spain	5-Sports(Live)

ဖေဖော်ဝါရီ ၁ ရက်က ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲမှကျင်းပသော နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ကာယအလှ မောင်၊ မယ်ပြိုင်ပွဲနှင့် ကဗျာရွတ်ဆို ပြိုင်ပွဲတွင် အသင်းခွဲဥက္ကဋ္ဌ ဒေါ်စီစီက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်ထံ ရာသက်ပန်အဆိုပြုလွှာ ၅၀ ပေးအပ်စဉ်။ (က-ပ)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေး ဟိုတယ်/ ခရီးဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် တက်ရောက် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးဆိုင်ရာများ ဆွေးနွေးခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၆

ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်သည် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ ပြည်ထောင်စုမြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဦးခင်ဇော်နှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါ၍ ဇန်နဝါရီ ၂၉ရက်မှ ၃၁ ရက်အထိ စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပသော (၁၀)ကြိမ်မြောက် အာဆီယံ ခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေး၊ (၆)ကြိမ်မြောက် အာဆီယံ၊ တရုတ်၊ ဂျပန်နှင့် ကိုရီးယားခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေး၊ အာဆီယံ၊ တရုတ်၊ ဂျပန်နှင့်ကိုရီးယားခရီးသွားလုပ်ငန်း ဝန်ကြီးများ၏ သတင်းစာရှင်းလင်းပွဲနှင့် ၂၀၀၇ခုနှစ် အာဆီယံ ခရီးသွားလုပ်ငန်းပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ (အပေါ်ပုံ)

(၁၀)ကြိမ်မြောက် အာဆီယံ ခရီးသွားလုပ်ငန်း ဝန်ကြီးများ အစည်းအဝေးကို ဇန်နဝါရီ ၂၉ ရက်တွင် စင်ကာပူ သမ္မတနိုင်ငံ Swissotel The Stamford ၌ ကျင်းပသည်။ အာဆီယံ ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးတွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ၌ ဇန်နဝါရီ ၃၁ ရက်က ကျင်းပပြီးစီးခဲ့သော အာဆီယံ ထိပ်သီးညီလာခံမှ ချမှတ်ထားသော ဆုံးဖြတ်ချက်များအနက်မှ ခရီးသွားလုပ်ငန်းမြှင့်တင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ အာဆီယံ ပဋိညာဉ်ဆိုင်ရာ ပြဋ္ဌာန်းချက်များကိုလည်းကောင်း ဆွေးနွေးကြပြီး အာဆီယံ ခရီးသွားလုပ်ငန်း လမ်းပြမြေပုံ၊ အကောင်အထည်ဖော်မှုဆိုင်ရာ တိုးတက်မှုများ၊ ၂၀၀၆ ခုနှစ်အတွင်း အာဆီယံနိုင်ငံများ၏ ခရီးသွားလုပ်ငန်း ဆောင်ရွက်ချက်များ၊ အာဆီယံပူးတွဲ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး မဟာဗျူဟာ အကောင်အထည်ဖော်မှုများ၊ အာဆီယံ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးလှုပ်ရှားမှု၊ အာဆီယံခရီးသွားဆိုင်ရာ အသက်မွေးမှုလုပ်ငန်းများ အပြန်အလှန်အသိအမှတ်ပြုမှုအစီအစဉ်၊ အာဆီယံ အရေးပေါ်ဆက်သွယ်ရေးလက်စွဲ စာအုပ် ပြဋ္ဌာန်းခြင်း၊ အာဆီယံအပျော်စီး သင်္ဘောခရီးစဉ်များမြှင့်တင်ရေး၊ အာဆီယံ ခရီးသွားလုပ်ငန်း၏ ဝန်ဆောင်မှုစံနှုန်းများ သတ်မှတ်ခြင်းနှင့် အာဆီယံ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့အစည်းများ၏ ရန်ပုံငွေဖြည့်တင်းမှု ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်လက်၍ ကျင်းပပြီးစီးခဲ့သော (၂၄)ကြိမ်မြောက်နှင့် (၂၅)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့အစည်းများ၏ အစည်းအဝေးများမှ ဆွေးနွေးဆုံးဖြတ်ချက်များကို သက်ဆိုင်ရာ ဦးဆောင်နိုင်ငံအလိုက် တင်ပြရာ အာဆီယံခရီးသွားလုပ်ငန်း ဝန်ကြီးများက တင်ပြချက်များအပေါ် သုံးသပ်ဆွေးနွေးကြသည်။ ထို့နောက် အာဆီယံနှင့်အိန္ဒိယ၊ အာဆီယံနှင့် ရုရှားနိုင်ငံများ၏ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးကြသည်။ ဆက်လက်၍ အာဆီယံ၊ ဂျပန် ဗဟိုဌာန အထွေထွေအတွင်းရေးမှူးချုပ်က အာဆီယံ ဂျပန်ဗဟို ဌာန၏ အာဆီယံနိုင်ငံများ၏ ခရီးသွားလုပ်ငန်း မြှင့်တင်ဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြသည်။ အစည်းအဝေးတွင် (၁၀)ကြိမ်မြောက် အာဆီယံ ခရီးသွားလုပ်ငန်းဝန်ကြီးများ၏ ပူးတွဲသတင်း ထုတ်ပြန်ချက်ကို ထုတ်ပြန်သည်။

(၆)ကြိမ်မြောက်အာဆီယံ၊ တရုတ်၊ ဂျပန်နှင့်ကိုရီးယားနိုင်ငံများ၏ ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးကို ဇန်နဝါရီ ၃၀ ရက်တွင် ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံများ၏ ခရီးသွားလုပ်ငန်းဝန်ကြီးများက နိုင်ငံအလိုက် ခရီးသွားလုပ်ငန်းဆောင်ရွက်ချက်များကို ဆွေးနွေးကြပြီး (၅)ကြိမ်မြောက် အာဆီယံ၊ တရုတ်၊ ဂျပန်နှင့် ကိုရီးယား ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနောက်ပိုင်း လုပ်ငန်းဆောင်ရွက်ချက် တိုးတက်မှုများကို ကဏ္ဍအလိုက် သုံးသပ် ဆွေးနွေးကြသည်။

ဆက်လက်၍ ကျင်းပပြီးစီးခဲ့သော (၉)ကြိမ်မြောက်နှင့် (၁၀)ကြိမ်မြောက် အာဆီယံ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့များ၏ စည်းဝေးဆုံးဖြတ် တင်ပြချက်များကို ဆွေးနွေးကြပြီး အစည်းအဝေးက (၆)ကြိမ်မြောက် အာဆီယံ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား ခရီးသွားလုပ်ငန်း ဝန်ကြီးများ၏ ပူးတွဲသတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်သည်။

ထို့နောက် အာဆီယံ၊တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံ ခရီးသွားလုပ်ငန်း ဝန်ကြီးများ၏ သတင်းစာရှင်းလင်းပွဲကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပသည်။ ညပိုင်းတွင် ၂၀၀၇ခုနှစ် အာဆီယံ ခရီးသွားလုပ်ငန်းပြပွဲ ဖွင့်ပွဲအခမ်းအနားကို Swissotel The Stamford ၌ ကျင်းပသည်။

ဝန်ကြီးသည် ဇန်နဝါရီ ၃၁ ရက်တွင် စင်ကာပူသမ္မတနိုင်ငံ Suntee City Exhibition and Convention Centre ၌ ခင်းကျင်းပြသသော ၂၀၀၇ခုနှစ် အာဆီယံခရီးသွားလုပ်ငန်းပြပွဲ၌ မြန်မာနိုင်ငံကိုယ်စားပြု ပြခန်းများ ဖွင့်လှစ်ပြသထားရှိမှု၊ ခရီးသွားလုပ်ငန်း မြှင့်တင်ဆောင်ရွက်နေမှုများနှင့် နိုင်ငံအသီးသီးမှ ပြခန်းဖွင့်လှစ်ပြသမှုများကို လှည့်လည်ကြည့်ရှုခဲ့သည်။ **(သတင်းစဉ်)**

* ရှေ့ဖုံးမှ

တက်ရောက်

(၁၅)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ တပ်မတော်အရာရှိကြီးများ၊ မင်္ဂလာဒုံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ ဆေးရုံ၊ ဆေးတပ်ရင်းများမှ တပ်မှူးများ၊ ပါရဂူများ၊ သူနာပြုအရာရှိများ၊ အုပ်ချုပ်မှုအရာရှိများ၊ တပ်မတော် ဆေးတက္ကသိုလ်နှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်တို့မှ ပါရဂူများ၊ ဘွဲ့လွန်သင်တန်းသား အရာရှိများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ အဖွဲ့တို့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ စာတမ်းရှင်များ၊ သုတေသီများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် ၁၉၉၀ ပြည့်နှစ်က စပြီး နှစ်စဉ် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများ ကျင်းပလာသည်မှာ ယခုဆိုလျှင် (၁၅)ကြိမ်ရှိပြီဖြစ်ကြောင်း၊ ဆေးဝန်ထမ်းတပ်ဖွဲ့အတွင်း တပ်ဖွဲ့ တာဝန်များ ထမ်းဆောင်ကြရင်းနှင့် သုတေသနလုပ်ဆောင်ချက်များ ယှဉ်တွဲ ဆောင်ရွက်ပြီး နှစ်စဉ် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများတွင် တင်သွင်း ဆွေးနွေးကြကြောင်းနှင့် နှီးနှောဖလှယ်ပွဲများက ရလဒ်များကို လက်တွေ့ကုသ ရေး၊ လေ့ကျင့်ရေး၊ ရောဂါကာကွယ်နှိမ်နင်းရေး နယ်ပယ်များတွင် ပြန်လည် အသုံးချကြောင်း သိရှိရသည့်အတွက် များစွာ အကျိုးရှိစေမှာဖြစ်ကြောင်း။

တိုးတက်မှုများရရှိ

သုတေသနစာတမ်းများ Symposium ခေါ် ဆေးပညာ ပြောင်းလဲ တိုးတက်မှုများနှင့်စပ်လျဉ်းပြီး ဟောပြောတင်သွင်း ဆွေးနွေးရာမှာ ဆေးဝန်ထမ်း တပ်ဖွဲ့မှ သုတေသီတစ်ဦးချင်း ဆောင်ရွက်မှု၊ သုတေသီများ ပူးပေါင်းဆောင်ရွက်မှု ရှိသကဲ့သို့ ကျန်းမာရေးဝန်ကြီးဌာနမှ သုတေသီများနှင့် ပူးပေါင်းဆောင်ရွက်မှု များလည်း နှစ်စဉ်ပါဝင်သည်ကို တွေ့ရသည့်အတွက် ဆေးသုတေသန နယ်ပယ် တွင် တိုးတက်မှုများရရှိနိုင်မည်ဟု ယုံကြည်ကြောင်း။

ယခုကျင်းပသည့် (၁၅)ကြိမ်မြောက် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ် ပွဲတွင် စာတမ်းပေါင်း ၃၈ စောင်၊ ပိုစတာ ၁၂ ခု၊ Symposium သုံးခု၊ Forum တစ်ခု၊ Clinco-pathological Conference တစ်ခုအပြင် ဆေးဝန်ထမ်း တပ်ဖွဲ့က ပါရဂူကြီးများနှင့် အရှေ့တောင်အာရှအတွင်း အထင်ကရ ဆေးရုံကြီး များမှ ဆရာဝန်ကြီးများ ဟောပြောဆွေးနွေးမည့် Academic Talk ကိုးခု ပါဝင်မှာဖြစ်ကြောင်း။

စာတမ်း ၃၈ စောင်

သုတေသနစာတမ်း ၃၈ စောင်အနက် ဆေးပညာဆိုင်ရာ စာတမ်း ရှစ်စောင်၊ ခွဲစိတ်ကုပညာဆိုင်ရာ စာတမ်းသုံးစောင်၊ သားဖွားမီးယပ်ပညာဆိုင်ရာ စာတမ်းခြောက်စောင်၊ ကလေးကျန်းမာရေးဆိုင်ရာ စာတမ်းတစ်စောင်၊ ပြည်သူ့ ကျန်းမာရေးဆိုင်ရာ စာတမ်းသုံးစောင်၊ အရိုးရောဂါဆိုင်ရာ စာတမ်းသုံးစောင်၊ အဏုဇီဝဗေဒဆိုင်ရာ စာတမ်းလေးစောင်၊ ရောဂါဗေဒဆိုင်ရာ စာတမ်းနှစ်စောင်၊ ဥပဒေရေးရာဆေးပညာဆိုင်ရာ စာတမ်းတစ်စောင်နှင့် သူနာပြုဆိုင်ရာ စာတမ်း ခုနစ်စောင် ပါဝင်သည်ကို တွေ့ရကြောင်း။

ပိုစတာ ၁၂ ခုအနက် သားဖွားမီးယပ်ဆိုင်ရာ ပိုစတာလေးခု၊ တိုင်းရင်း ဆေးပညာဆိုင်ရာ ပိုစတာတစ်ခု၊ သူနာပြုဆိုင်ရာ ပိုစတာတစ်ခု၊ ကလေး ကျန်းမာရေးဆိုင်ရာ ပိုစတာနှစ်ခု၊ အဏုဇီဝဗေဒဆိုင်ရာ ပိုစတာတစ်ခု၊ အရိုး ရောဂါဆိုင်ရာ ပိုစတာတစ်ခု၊ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ပိုစတာတစ်ခုနှင့် ဆေးရုံအုပ်ချုပ်မှုဆိုင်ရာ ပိုစတာတစ်ခုပါဝင်ကြောင်း သိရပါကြောင်း။

တင်ပြချက်စုံလင်

Symposium သုံးခုအနက် ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကူးစက် ပြန့်ပွားမှုမှ ကာကွယ်ခြင်းဆိုင်ရာ Symposium တစ်ခု၊ ၂၁ ရာစုနှစ် ခေတ်သစ် ဆေးပညာနှင့်စပ်လျဉ်းပြီး Stem Cell အသုံးပြုကုသမှုဆိုင်ရာ Symposium တစ်ခုနှင့် ဆေးရုံများတွင် ဇီဝလုံခြုံမှု (Biosafety)အကြောင်း ဟောပြောဆွေးနွေး မည့် Symposium တစ်ခုပါဝင်မှာဖြစ်ကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ၏ အဓိကကျန်းမာရေးပြဿနာသုံးရပ်ဖြစ်သည့် ငှက်ဖျား၊ တီဘီနှင့် ခုခံအား ကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးဆိုင်ရာ ဟောပြောဆွေးနွေးမည့် Forum တစ်ခုလည်း ပါဝင်ကြောင်း သိရသည့်အတွက် သုတေသနတင်ပြချက်အသွင် စုံလင်ကြောင်း တွေ့ရမှာဖြစ်ကြောင်း။

ဆေးဝန်ထမ်းတပ်ဖွဲ့ကို ခေတ်နှင့်ရင်ပေါင်တန်းနိုင်သည့် အဖွဲ့အစည်း တစ်ခုဖြစ်အောင် ဆောင်ရွက်လျက်ရှိရာမှာ ကုသရေး၊ လေ့ကျင့်ရေး၊ ရောဂါ ကာကွယ်နှိမ်နင်းရေး၊ ကျန်းမာရေးမြှင့်တင်ရေး စသည့် ကဏ္ဍပေါင်းစုံ ဟန်ချက် ညီညီ တိုးတက်ဖို့လိုအပ်ကြောင်း။

ရှာဖွေကုသ

ကုသရေးနယ်ပယ်မှာ နှလုံးရောဂါဆိုင်ရာ အဆင့်မြင့်ရောဂါ ရှာဖွေ စစ်ဆေးမှုနှင့် ခွဲစိတ်ကုသမှု၊ ဦးနှောက်နှင့်အာရုံကြောဆိုင်ရာ အဆင့်မြင့်ခွဲစိတ် ကုသမှုများ၊ ဆီးလမ်းကြောင်းဆိုင်ရာ ခွဲစိတ်ကုသမှုနှင့် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများ၊ အစာအိမ်၊ သည်းခြေလမ်းကြောင်းဆိုင်ရာ ရောဂါများအား Endoscope အသုံးပြုပြီး ရှာဖွေကုသမှုများ၊ မျက်စိရောဂါဆိုင်ရာ အဆင့်မြင့် ခွဲစိတ်ကုသမှုများ၊ အရိုး၊ မျက်နှာနှင့် ခံတွင်း၊ မေးရိုးဆိုင်ရာ အဆင့်မြင့်ကုသမှု များနှင့် မီးယပ်ရောဂါများကို Laparoscope အသုံးပြုပြီး ရှာဖွေကုသမှုများကို ဆောင်ရွက်နေပြီဖြစ်ကြောင်း။

လေ့ကျင့်ရေးနယ်ပယ်မှာ ဆေးပညာဆိုင်ရာ အဆင့်မြင့် ဘွဲ့ဒီဂရီများ ဖြစ်သည့် ပါရဂူဘွဲ့၊ တော်ဝင်သမားတော်ဘွဲ့ရရှိသူအများအပြား ပေါ်ထွက်လာပြီ ဖြစ်သကဲ့သို့ သူနာပြုဆိုင်ရာ ပါရဂူဘွဲ့၊ မဟာသိပ္ပံဘွဲ့ရရှိသူများလည်း ရှိပြီ ဖြစ်ကြောင်း၊ ထို့အပြင် ဆေးဘက်ပညာဆိုင်ရာ မဟာဘွဲ့များကိုလည်း တက် ရောက်စေလျက်ရှိပြီဖြစ်ကြောင်း။

လျော့နည်းကျဆင်း

ရောဂါကာကွယ်နှိမ်နင်းရေးနှင့်စပ်လျဉ်းပြီး National Priority Disease များဖြစ်သည့် ငှက်ဖျား၊ တီဘီရောဂါနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လာသည်ကို တွေ့ရပြီး ငှက်ဖျားရောဂါနှင့် သေဆုံးမှုသိသာစွာ လျော့နည်းကျဆင်းအောင် ဆောင်ရွက် နိုင်သည်ကို တွေ့ရကြောင်း။

ယင်းကဏ္ဍများနှင့်အတူ ဟန်ချက်ညီညီ တိုးတက်အောင် ဆောင်ရွက်ရမှာ ကတော့ ဆေးသုတေသန နယ်ပယ်ဖြစ်ကြောင်း၊ ကုသရေး၊ လေ့ကျင့်ရေး၊ ရောဂါနှိမ်နင်းရေး စသည့် ကဏ္ဍပေါင်းစုံမှာ သုတေသနလုပ်ငန်းများ တွင်တွင် ကျယ်ကျယ်လုပ်ဆောင်ရင်း တွေ့ရှိချက်များကို ပြန်လည်အသုံးချပြီး အရည်အသွေး ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

ဗဟုသုတပွားများ

ယနေ့ (၁၅)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှော ဖလှယ်ပွဲ ဖွင့်ပွဲအပြီးမှာ ခေတ်မီရောဂါရှာဖွေခြင်းနှင့် ကုသခြင်းလုပ်ငန်းများတွင် အသုံးပြုနိုင်မည့် ခေတ်မီ ရောဂါရှာဖွေရေးကိရိယာများနှင့် အဆင့်မြင့်ဆေးဝါး များကို လာရောက်ခင်းကျင်းပြသမည့် ဆေးကုမ္ပဏီများ၏ ပြခန်း ခင်းကျင်း ပြသရေးအစီအစဉ်လည်း ယခင်နှစ်များနည်းတူ ပါဝင်ကြောင်း သိရှိရသည့်အတွက် လေ့လာ ဗဟုသုတပွားများနိုင်မှာဖြစ်ကြောင်း။

မိမိတို့အား ပေးအပ်ထားသည့်တာဝန်များကို ထမ်းဆောင်ရင်း မအားလပ် သည့်ကြားက သုတေသနလုပ်ငန်းများလုပ်ဆောင်ပြီး နှစ်စဉ် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲမှာ သုတေသနတင်ပြချက်အသွင်အစုံဖြင့် တင်ပြဆွေးနွေးကြ သည့် ဆေးဝန်ထမ်းတပ်ဖွဲ့မှ သုတေသီများအားလုံးကို အသိအမှတ်ပြုပါကြောင်းနှင့် နောင်နှစ်များမှာ ဘာသာရပ်တစ်ခုချင်းအလိုက် သီးခြားစီ သုတေသနပြုချက်များ အပေါ် ကျန်းမာရေးဝန်ကြီးဌာနနှင့်ပေါင်းစပ်ပြီး လေးလတစ်ကြိမ် သို့မဟုတ် ခြောက်လတစ်ကြိမ် ယခုကဲ့သို့ သုတေသနပြုစာတမ်းများအား ကျန်းမာရေး နှီးနှောဖလှယ်ပွဲများကျင်းပပြီး ပြည်ပမှ ဘာသာရပ်အလိုက် ထူးချွန်ထက်မြက် သည့် ဆရာဝန်ကြီးများနှင့် သုတေသီများကိုလည်း ဖိတ်ကြားသွားမှာဖြစ်ကြောင်း၊ ထို့ကြောင့် ဆေးဝန်ထမ်းတပ်ဖွဲ့၏ အရည်အသွေးအဆင့်အတန်း ပိုမိုမြင့်မား အောင် မိမိတို့ကျွမ်းကျင်သည့် ဘာသာရပ်တစ်ခုချင်းကို အထူးအလေးထားပြီး သုတေသနပြု ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်း နှီးနှီး လိုက်လံနှုတ်ဆက်ပြီး ခန်းမအတွင်း၌ ခင်းကျင်းပြသထားသော သုတေသန ပိုစတာများကို ဧည့်သည်တော်များနှင့်အတူ လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်သည် (၁၅)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ် ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဆေးနှင့် ဆေးပစ္စည်းပြပွဲကို တက်ရောက်ချီးမြှင့်ပြီး ဆေးဝန်ထမ်း ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းအောင်က ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ပြန်လည်ထွက်ခွာ

ထို့နောက် အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ပြပွဲ၌ ခင်းကျင်းပြသထားသော ဆေးနှင့် ဆေးပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ထွက်ခွာ သွားသည်။

ယင်းနောက် (၁၅)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို နံနက် ၁၁ နာရီတွင် ဆက်လက်ကျင်းပရာ စာတမ်းရှင်များက ဘာသာရပ်ဆိုင်ရာ စာတမ်းများကို ဖတ်ကြားတင်သွင်းကြပြီး နှီးနှောဖလှယ်ပွဲကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

အဆိုပါနှီးနှောဖလှယ်ပွဲကို ဖေဖော်ဝါရီ ၉ ရက်အထိ ကျင်းပသွားမည် ဖြစ်ပြီး နှီးနှောဖလှယ်ပွဲတွင် စာတမ်းပေါင်း ၃၈ စောင်၊ ပိုစတာ ၁၂ ခု၊ Symposium သုံးခု၊ Forum တစ်ခု၊ Clinco-pathological Conference တစ်ခုနှင့် ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူကြီးများနှင့် အရှေ့တောင်အာရှရှိ အထင်ကရ ဆေးရုံကြီးများနှင့် ဆေးတက္ကသိုလ်တို့မှ ပါရဂူကြီးများ ဟောပြော ဆွေးနွေးမည့် Academic Talk ကိုးခုတို့ ပါဝင်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် (၁၅)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ၊ ဆေးနှင့် ဆေးပစ္စည်းပြပွဲတွင် ခင်းကျင်းပြသထားသော ပြခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး အရှိန်အဟုန်ဖြင့်ဆောင်ရွက်

ရောဂါကာကွယ်နှိမ်နင်းရေးနှင့်စပ်လျဉ်းပြီး National Priority Disease များဖြစ်သည့် ငှက်ဖျား၊ တီဘီရောဂါနှင့် ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လာသည်ကိုတွေ့ရပြီး ငှက်ဖျားရောဂါနှင့် သေဆုံးမှု သိသာစွာ လျော့နည်းကျဆင်းအောင် ဆောင်ရွက်နိုင်သည်ကို တွေ့ရ။

ရိုမေးနီးယား၌ ပထမဆုံး ရေခဲဟိုတယ်ဖွင့်လှစ် ခရီးသွားဧည့်သည်များ အသင့်နေနိုင်ရန် စီစဉ်ထားရှိ

ဘူခါရက် ဖေဖော်ဝါရီ ၆

ရိုမေးနီးယားနိုင်ငံ၏ ပထမဆုံးဖြစ်ပြီး ဥရောပအရှေ့တောင်ပိုင်းတွင်လည်း တစ်ခုတည်းဖြစ်သော ရေခဲ ဟိုတယ်ကို ရိုမေးနီးယားနိုင်ငံ တောင်တန်းများအလယ်ရှိ ဖာဂါရက်စ်မြို့တွင် တည်ဆောက်ခဲ့ပြီး ဖေဖော်ဝါရီ ၄ ရက်က ဖွင့်လှစ်လိုက်ကြောင်း ရိုမေးနီးယားနိုင်ငံက သတင်းထုတ်ပြန်သည်။

အဆိုပါ ရေခဲဟိုတယ်အား ခရီးသွားဧည့်သည်များအတွက် လုံခြုံဘေးကင်းမှု ရှိမရှိကို စစ်ဆေးသူများက စစ်ဆေးခဲ့ရာ ခရီးသွားဧည့်သည်များအတွက် အဆင်သင့်နေထိုင်နိုင်အောင် စီစဉ်ပေးထားသည်ကို တွေ့ရကြောင်း မှတ်ချက်ပြုခဲ့သည်ဟု ရိုမေးနီးယားနိုင်ငံ ခရီးသွားများနှင့် စားသုံးသူများအား ကာကွယ်ရေးဆိုင်ရာရုံးက သတင်းထုတ်ပြန်ခဲ့သည်။

ရေခဲဟိုတယ်ရှိ အခန်းများတွင် အပူချိန်သုညဒီဂရီဆဲလ်စီးရပ်အောက်ရှိနေကြောင်း အဆိုပါသတင်းတွင် ဆက်လက်ဖော်ပြထားသည်။ အဆိုပါ ရေခဲဟိုတယ်ပိုင်ရှင်မှာ အသက် (၂၈) နှစ်အရွယ်ရှိ လူငယ်တစ်ဦးဖြစ်သည်။

ကုန်ကျ

အဆိုပါ ရေခဲဟိုတယ်တွင် နှစ်ယောက်အိပ်ခန်း ရှစ်ခန်း ပါရှိပြီး အဆောက်အအုံအားလုံးကို ရေခဲတုံးများဖြင့် ပြုလုပ်ထားကာ ရေခဲဟိုတယ်၌ တစ်ညတည်းလျှင် အခန်းတစ်ခန်းအတွက်အမေရိကန်ဒေါ်လာ၂၆ဒေါ်လာမှ ၃၄ ဒေါ်လာအထိ ကုန်ကျမည်ဖြစ်သည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

တရုတ်နိုင်ငံ ဂန်ဆုပြည်နယ် အနောက်မြောက်ပိုင်းရှိ မြစ်ဝါမြစ်ကမ်းခြေတစ်လျှောက်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေကြသည်ကို ဖေဖော်ဝါရီ ၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်အရေး ဆွေးနွေးမှု ဟန့်တားခြင်းမပြုရန် ရီပတ်ဘလီကင်အမတ်များအား ဒီမိုကရက်အမတ် သတိပေး

ဝါရှင်တန် ဖေဖော်ဝါရီ ၆

သမ္မတဘုရှ်က အီရတ်သို့တပ်ဖွဲ့ဝင်များထပ်မံစေလွှတ်သည့် အစီအစဉ် ဆန့်ကျင်မည့်ကိစ္စကို ဆွေးနွေးခြင်းမပြုနိုင်အောင် ဟန့်တားခြင်းမပြုကြရန် ကယ်လီဖိုးနီးယားပြည်နယ် ဒီမိုကရက် အထက်လွှတ်တော်အမတ် ဒီဖိန်စတိန်းက ရီပတ်ဘလီကင်အမတ်များအား ဖေဖော်ဝါရီ ၄ ရက်၌ သတိပေးလိုက်သည်။

အမေရိကန်ပြည်ထောင်စုအတွက် ဤမျှထိပ်တန်းပြဿနာကို ဆွေးနွေးခြင်းမပြုနိုင်အောင် တားဆီးပိတ်ပင်ခြင်းမှာ ကြောက်မက်ဖွယ် အမှားတစ်ခုဖြစ်မည်ဟုလည်း အထက်လွှတ်တော်အမတ် ဒီဖိန်စတိန်းက ပြောကြားသည်။

ဆွေးနွေးခြင်းမပြု

ဗာဂျီးနီးယားပြည်နယ် ရီပတ်ဘလီကင် အထက်လွှတ်တော်အမတ် ဂျွန်ဝါနာနှင့် မစ်ချီဂန်ပြည်နယ် ဒီမိုကရက် အထက်လွှတ်တော်အမတ် ကာလ်လေဗင်တို့၏ အဆိုကို ဆွေးနွေးခြင်းမပြုရေး ရီပတ်ဘလီကင် ခေါင်းဆောင်များ၏ပိတ်ပင်မှုအပေါ် အထက်လွှတ်တော်အမတ် ဒီဖိန်စတိန်းက ဒေါသထွက်ကာ အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်ဟု ရိုက်တာက ဖော်ပြသည်။

အမ်အင်န်အေ၊ ရိုက်တာ



အိန္ဒိယနိုင်ငံ ဘိုပါးမြို့ အနောက်မြောက်ပိုင်း ၁၇၅ မိုင်အကွာ ဒေသတစ်ခုမှ ဒိုင်နိုဆော ဥကျောက်ဖြစ်ရုပ်ကြွင်း များကို ဖေဖော်ဝါရီ ၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကိုလံဘီယာတွင် မိုင်းတွင်းပေါက်ကွဲ

ဘိုဂိုတာ ဖေဖော်ဝါရီ ၆

ကိုလံဘီယာနိုင်ငံ နော့တ်ဒီဆန်တန်ဒါပြည်နယ် အရှေ့မြောက်ပိုင်းရှိ ကျောက်မီးသွေးတွင်းတစ်တွင်း ဖေဖော်ဝါရီ ၃ရက်က ပေါက်ကွဲမှု ဖြစ်ပွားရာ ကိုလံဘီယာ မိုင်းလုပ်သား လေးဦးသေဆုံးပြီး ၂၈ဦးကျော် မိုင်းတွင်းအတွင်း ပိတ်မိလျက်ရှိကြောင်း ဒေသဆိုင်ရာမီဒီယာက သတင်းထုတ်ပြန်သည်။

ဆာဒီနာတာမြို့အနီးရှိ အဆိုပါမိုင်းတွင်းအတွင်း မြေအောက် ပေ ၃၂၈၀ ခန့်တွင်ပိတ်မိနေကြသူများအားမီးသတ်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းအထိ ကြိုးပမ်း ကယ်ဆယ်လျက်ရှိကြောင်း သတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

မြေအောက်အတွင်းတွင် သေစေလောက်သော ဓာတ်ငွေ့များကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ ရှုပ်ထွေးခက်ခဲလျက်ရှိကြောင်း၊ ပိတ်မိနေသော မိုင်းတွင်းလုပ်သားများအားလုံး သေဆုံးနိုင်ဖွယ်ရှိသဖြင့် စိုးရိမ်ပူပန်လျက်ရှိကြောင်း ပြည်နယ်ကာကွယ်ရေးတပ်ဖွဲ့ ခေါင်းဆောင်က သတင်းထောက်များအား ပြောကြားသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ကန်ရဟတ်ယာဉ်လေးစင်း နှစ်ပတ်အတွင်း ပစ်ချခံရ

ဘဂ္ဂဒတ် ဖေဖော်ဝါရီ ၆

အီရတ်၌ ရက်သတ္တနှစ်ပတ်အတွင်း အမေရိကန်စစ်ဘက်ရဟတ်ယာဉ်လေးစင်း ပစ်ချခံခဲ့ရသည့်အတွက် အမေရိကန်စစ်ဘက်က နည်းဗျူဟာများကို ပြုပြင်ရန် ဆန်းစစ်လျက်ရှိကြောင်း အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ဝီလျံကာလ်ဝဲက ဖေဖော်ဝါရီ ၄ ရက်တွင် ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်နှင့် ပုဂ္ဂလိက လုံခြုံရေးကန်ထရိုက် စုစုပေါင်း ၂၁ဦး သေဆုံးသည့် လေးနေရာတွင် ရဟတ်ယာဉ်များပစ်ချခံခဲ့ရကြောင်း ဗိုလ်ချုပ်ဝီလျံကာလ်ဝဲက ပြောကြားသည်။

ပျက်ကျ

စစ်ပွဲလေးနှစ်တာ ကာလအတွင်းတွင် အမေရိကန်ရဟတ်ယာဉ်များ ဒါဇင်နှင့်ချီ၍ ပျက်ကျခဲ့သည်။ အချို့ကို ရန်သူက ဒုံးကျည်အမြောက်အမြားဖြင့် ပစ်ချ၍ ပျက်ကျရခြင်းဖြစ်သည်။

အသုံးပြုလာ

သို့သော် ဤအချိန်တိုအတွင်း ရဟတ်ယာဉ်လေးစင်းအထိ ပျက်ကျခြင်းမှာ ပုံမှန်ထက်များနေသည့်အတွက် စစ်သွေးကြွများအနေဖြင့် နည်းဗျူဟာပြောင်းခြင်း သို့မဟုတ် ပိုမိုခေတ်မီသော လက်နက်များ အသုံးပြုလာခြင်း ရှိမရှိတို့ကို ဆန်းစစ်ရန် လိုအပ်ကြောင်း ဗိုလ်ချုပ်ဝီလျံကာလ်ဝဲက ပြောကြားသည်။

အမ်အင်န်အေ၊ ရိုက်တာ

ဗီယက်နမ်ကမ်းခြေတစ်လျှောက် ရေနံများပျံ့နှံ့

ဟနွိုင်း ဖေဖော်ဝါရီ ၆

ဗီယက်နမ်နိုင်ငံရှိ ခရီးသွားဧည့်သည်များ အပန်းဖြေရာ နာမည်ကျော်ကမ်းခြေဖြစ်သည့် ဂန်နမ်ကမ်းခြေတစ်လျှောက်တွင် ပင်လယ်ဘက်မှ ပျံ့နှံ့လာသော ရေနံများအား ရာပေါင်းများစွာသော ဗီယက်နမ်ပြည်သူများနှင့် ဗီယက်နမ်တပ်ဖွဲ့ဝင်များက ရှင်းလင်းလျက်ရှိကြောင်း ဗီယက်နမ်အရာရှိတစ်ဦးက ဖေဖော်ဝါရီ ၄ ရက်၌ သတင်းထုတ်ပြန်သည်။

ဆောင်ရွက်

ယခုအခါ အဆိုပါကမ်းခြေတွင် ဗီယက်နမ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများ၊ ကျောင်းသူကျောင်းသားများနှင့် လူငယ်များကစုပေါင်းကာ သန့်ရှင်းရေးဆောင်ရွက်နေကြကြောင်း ဗီယက်နမ်နိုင်ငံ ရှေးဟောင်းမြို့တစ်မြို့ဖြစ်သော ဟွိုင်းအင်မြို့ရှိ အရာရှိတစ်ဦးဖြစ်သူ နယင်ဆုက ပြောကြားသည်။

ရှင်းလင်း

ဗီယက်နမ်နိုင်ငံ ဂန်နမ်ပြည်နယ်ရှိ ၁၂၅ကီလိုမီတာရှိသော ကမ်းခြေတစ်လျှောက်နှင့် ဒါနမ်ကမ်းခြေ၏ အချို့အစိတ်အပိုင်းများတွင် ပျံ့နှံ့နေသော ရေနံများအား ၎င်းတို့က ဖယ်ရှား ရှင်းလင်းနေကြပြီဖြစ်သည်။

ရေနံများပျံ့နှံ့

ယခုအခါ အဆိုပါကမ်းခြေ တစ်လျှောက်တွင် ခရီးသွားများအား ရေကူးခြင်းမပြုကြရန် တားမြစ်ထားသည်။ ရေနံများ ပျံ့နှံ့လာမှုကို စုံစမ်းလျက်ရှိသည်။

အမ်အင်န်အေ၊ ရိုက်တာ

ဘိုလီးဗီးယား၌ မိုးသည်းထန်ပြီး ရေလွှမ်း

လီမာ ဖေဖော်ဝါရီ ၆

ဘိုလီးဗီးယားနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုဖြစ်ပွားရာ လူ၂၄ဦးထက်မနည်း သေဆုံးသွားကြောင်း လီမာမြို့အာဏာပိုင်များက ဖေဖော်ဝါရီ ၂ ရက်က သတင်းထုတ်ပြန်သည်။

ပျက်စီး

ရေလွှမ်းမှုကြောင့် လူတစ်သိန်းကျော် ရေဘေးဒုက္ခကြုံတွေ့ခဲ့ရကြောင်း နေအိမ်များ၊ လမ်းများ၊ လယ်ယာမြေများ၊ တံတားများနှင့် ဆက်သွယ်ရေး အဆောက်အအုံများ ပျက်စီးခဲ့ရကြောင်း ဘိုလီးဗီးယားနိုင်ငံ အရေးပေါ်သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အထီးကျန်သူများ အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားနိုင်

လန်ဒန် ဖေဖော်ဝါရီ ၆

တစ်ကိုယ်တည်းအထီးကျန်စွာ နေထိုင်ရသူများသည် အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားရန် အခွင့်အလမ်း နှစ်ဆပိုများသည်ကို လေ့လာတွေ့ရှိရကြောင်း သုတေသီများက ပြောကြားလိုက်သည်။

အသက်အရွယ်ကြီးရင့်သူ ၈၀၀ ကျော်အား လေးနှစ်ကျော်ကာလအတွင်း စနစ်တကျ သုတေသနပြုခဲ့ရာမှ ယခုကဲ့သို့ အယ်လ်ဇိုင်းမားရောဂါနှင့် အထီးကျန်စွာ နေထိုင်မှုတို့ ဆက်စပ်လျက် ရှိနေသည်ကို **(ယာပုံ)** တွေ့ရှိခဲ့ရခြင်း ဖြစ်ကြောင်း သုတေသီအဖွဲ့ခေါင်းဆောင် ပါမောက္ခ ရောဘတ်ဝီလ်ဆင်က ပြောကြားသည်။

အထီးကျန်မှုသည် ဦးနှောက်ပိုင်းဆိုင်ရာ ဖွဲ့စည်းမှု၏ စနစ်များနှင့် ဦးနှောက်ပုံမှန် အလုပ်လုပ်မှုကို ထိခိုက်စေကြောင်း သုတေသနပညာရှင်များ၏ ကနဦးတွေ့ရှိချက်၌ ဖော်ပြထားသည်။

အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားသူများကို လေ့လာသုတေသနပြုခဲ့ရာတွင် တစ်ကိုယ်တည်း အထီးကျန်စွာနေထိုင်သူများ၌ ရောဂါဖြစ်ပွားမှု ၅၁ ရာခိုင်နှုန်းရှိကြောင်း၊ ထို့ကြောင့် တစ်ကိုယ်တည်းအထီးကျန်စွာ မနေသင့်ဘဲမိသားစုများနှင့်အတူ နေထိုင်သင့်ကြောင်း ၎င်းကပြောကြားသည်။ **(အင်တာနက်)**

အင်ဒိုနီးရှားမြို့တော် ဂျကာတာ၌ ရေလွှမ်း လူ၄၄ ဦးသေဆုံးပြီး ၃၄၀၀၀၀ ရေဘေးဒုက္ခကြုံတွေ့ရ ငါးနှစ်အတွင်း အဆိုးရွားဆုံး ရေကြီးမှုကြီးဖြစ်

အင်တာနက် ဖောင်ပိတ်သတင်း

ဂျကာတာ ဖေဖော်ဝါရီ ၆

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တော်၌ ရေကြီးမှုများဖြစ်ပေါ်ခဲ့ပြီးနောက် ယမန်နေ့ညက မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းခဲ့မှုကြောင့် ရေကြီးမှုလျော့ချရေး ကြိုးပမ်းချက်များကို အဟန့်အတားဖြစ်စေခဲ့ကြောင်း ဖေဖော်ဝါရီ ၆ ရက်က အင်တာနက်တွင် သတင်းဖော်ပြသည်။

စိုးရိမ်ပူပန်

ညစ်ညမ်းရေများ မြို့တော်တစ်ဝန်း ပြည့်လျှံနေမှုကြောင့် တာဝန်ရှိသူများက ငှက်ဖျားနှင့် တုပ်ကွေးရောဂါပြန့်ပွားလာမည်ကို စိုးရိမ်ပူပန်နေကြသည်ဟု ဆိုသည်။

ကျန်းမာရေးဝန်ထမ်းများက ဝမ်းရောဂါဖြစ်ပွားသူများနှင့် ညစ်ညမ်းရေကြောင့် အရေပြားရောဂါဖြစ်ပွားနေသူများကို ကုသပေးလျက်ရှိသည်။

အဆိုပါရေကြီးမှုသည် ငါးနှစ်အတွင်း အဆိုးရွားဆုံးဖြစ်ပြီး လူပေါင်း ၃၄၀၀၀၀ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကာ ၄၄ ဦးသေဆုံးသွားပြီဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

ဂျကာတာမြို့၌ ရေကြီးမှုကြောင့် မြို့နေပြည်သူများ ရေဘေးဒုက္ခကြုံတွေ့နေရမှုကို ဖေဖော်ဝါရီ ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှား စစ်သားများက စက်လှေများဖြင့်လိုက်၍ အိမ်ခေါင်မိုးများပေါ်တွင်ရှိနေကြသော ရေဘေးဒုက္ခသည်များအား ထမင်းထုပ်များလိုက်လံဝေငှပေးလျက်ရှိကြောင်း အင်ဒိုနီးရှားစစ်ဘက်တာဝန်ရှိသူများက ပြောကြားသည်။

စခန်းချနေထိုင်

အချို့သောသူများသည် ကျောင်းများ၊ ဗလီများနှင့် အများပြည်သူများနှင့်ဆိုင်သော ရုံးအဆောက်အအုံများပေါ်တွင် စခန်းချနေထိုင်လျက်ရှိသည်။

မြို့တော်၏ ရပ်ကွက်အချို့တွင် ဖေဖော်ဝါရီ ၅ ရက် ညပိုင်းက ရေကျသွားသော်လည်း ညပိုင်းက မိုးသည်းထန်စွာရွာသွန်းခဲ့၍ တစ်ဖန်ပြန်ပြီး ရေကြီးမှုနှင့် ရင်ဆိုင်နေကြရသည်ဟု ဆိုသည်။

လာမည့်ရက်များအတွင်း မိုးပိုမိုဆက်လက်ရွာသွန်းနိုင်ကြောင်း၊ သို့ရာတွင် သည်းထန်လိမ့်မည်မထင်ကြောင်း၊ ရေကြီးမှုမှာ ဆက်လက် ကြုံတွေ့ရမည်ဖြစ်ကြောင်း အင်ဒိုနီးရှား မိုလေဝသပညာရှင်များက ခန့်မှန်းထားသည်။ **(အင်တာနက်)**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ၈မိုင် မြိုင်ဟေဝန်အိမ်ရာ တိုက်အမှတ်(၅) အခန်း(၁၉)နေ ဒုတိယဗိုလ်မှူးကြီးအောင်မိုး၊ ဇနီး ဒေါ်မြတ်သီတာ၊ သမီး မရတနာမိုး၊ မပြည့်ပြည့်မိုး မိသားစုတို့က ကြေးပိဋကတ်တော်ရှစ်ချပ် တန်ဖိုး ကျပ် ၁၆၀၀၀၀ ကို ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)ထံ ဆက်ကပ်လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်တော်မူစဉ်။

(က-ပ)

ရွှေထီးတော်တင် မင်္ဂလာကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်တောင်သူကုန်းရပ်ကွက် ဘိုးကုန်းဇေယျာသိဒ္ဓိ (မဟာသံ့ဃာရာဘုရား) ကျောင်းတိုက်အတွင်း မဟာသံ့ဃာရဆရာတော် ပထမကျော်၊ ဓမ္မာစရိယ၊ ဘီအက်စ်စီ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ သဒ္ဒန္တကုမာရ အရှင်သူမြတ်ကကြီးမှူးတည်ထားသည့် ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်တင်မင်္ဂလာ၊ ဗုဒ္ဓါဘိသေက နေကဇာတင်မင်္ဂလာနှင့် ပင့်သံဃာ ၄၅ ပါး တို့အား သံဃာ့ဒါန ဆွမ်းကြီးလောင်းလှူပွဲကို အဆိုပါကျောင်းတိုက်အတွင်း ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ၊ စေတနာရှင်များ နံနက် ၈ နာရီအရောက် ကြွရောက်ကြည်ညိုကြပါရန် ဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

မြန်မာ့အလင်း အင်တာနက်သတင်းအတိုအထွာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် အီရန်သံတမန်တစ်ဦးအား လက်နက်ကိုင်သေနတ်သမားများက ပြန်ပေးဆွဲသွားကြောင်း တီဟီရန်က အတည်ပြုပြောကြားခဲ့သည်ကို ဖေဖော်ဝါရီ ၆ရက်က အင်တာနက်၌ ဖော်ပြထားသည်။

ဗီယက်နမ်အစိုးရ အာဏာပိုင်များက မြို့တော်ဟနွိုင်းနှင့် တောင်ပိုင်းဟိုချီမင်းမြို့အကြား ဒေါ်လာ ၃၃ဘီလီယံတန်ဖိုးရှိ မီးရထားလမ်း တည်ဆောက်ရန် သဘောတူညီလိုက်ကြောင်း ဖေဖော်ဝါရီ ၆ရက်က အင်တာနက်တွင် ဖော်ပြသည်။

၂၀၀၂ခုနှစ်၏ ဘရာဇီးမယ်ဘွဲ့ရ တိုင်ဇာသော်မဆင်ဆိုသူသည် နေအိမ်မှပြန်ပေးဆွဲခံရပြီးနောက် ခုနစ်လအကြာတွင် လန်ဒန်မြို့၌ ဗြိတိသျှ ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၆ရက်က အင်တာနက်တွင် သတင်းဖော်ပြသည်။

ဖေဖော်ဝါရီ ၆ရက်ကို ကလေးများအတွက် အင်တာနက် အသုံးနည်းမှုမဖြစ်စေရေးအတွက် ကမ္ဘာတစ်ဝန်းတွင် စတုတ္ထအကြိမ်မြောက် အင်တာနက်လုံလောက်စွာသုံးစွဲရေးနေ့အဖြစ် သတ်မှတ်ခဲ့ကြောင်း ဖေဖော်ဝါရီ ၆ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံ အာဖဂန်နစ္စတန်နယ်စပ်၌ တာလီဘန်စစ်သွေးကြွများက အမေရိကန်သူလျှိုနှစ်ဦးအား သတ်ဖြတ်လိုက်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်ကို ဖေဖော်ဝါရီ ၆ရက်က အင်တာနက်တွင် ဖော်ပြသည်။

၂၀၁၂ခုနှစ်တွင် ထုတ်လုပ်မည့် ကားသစ်များသည် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လွှတ်မှု ၁၈ရာခိုင်နှုန်း လျှော့ချသွားရမည်ဖြစ်ကြောင်း ဥရောပကော်မရှင်က တင်ပြထားသည်ကို ဖေဖော်ဝါရီ ၆ရက်က အင်တာနက်တွင် သတင်းဖော်ပြထားသည်။

ဗြိတိန်နိုင်ငံတွင် ကြက်ဆင်များ၌ ကြက်ငှက်တုပ်ကွေးရောဂါပိုး တွေ့ရှိရသဖြင့် ကြက်ဆင်အကောင် ၁၆၀၀၀၀ကို ဖေဖော်ဝါရီ ၅ရက်က သုတ်သင်ပစ်ခဲ့သည်။

ဗြိတိန်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေခြင်းကြောင့် ရုရှားနိုင်ငံက ဗြိတိန်မှ ကြက်သားများ တင်သွင်းခြင်းကို ပိတ်ပင်လိုက်ကြောင်း ရုရှားအပင်နှင့်တိရစ္ဆာန်စောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောကြားလိုက်သည်။

အမေရိကန်နိုင်ငံက နီကာရာဂွာသမ္မတ ဒန်နီရယ်အော်တေဂါအား ဆိုဗီယက်ခေတ်ကာလက ဒုံးခွင်းဒုံးများကို ဖျက်ဆီးပစ်ရန် ဖေဖော်ဝါရီ ၅ရက်က တိုက်တွန်းပြောကြားလိုက်သည်။

အိန္ဒိယနိုင်ငံသည် ဖေဖော်ဝါရီ ၄ရက်က ချန်ဒီပါ၌ အသံထက်မြန်သော ဘရာမို့စ်ခရုစ်ဒုံးကျည်ကို စမ်းသပ်ပစ်လွှတ်ခဲ့သည်။ **(အင်တာနက်)**

မြန်မာ့အလှ(၃)ပန်းချီပြိုင်ပွဲ ဆုရသူများစာရင်းထုတ်ပြန်

ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)နှင့် အိုအေစစ်ပန်းချီပြခန်းတို့ ပူးပေါင်းကျင်းပသည့် မြန်မာ့အလှ(၃)ပန်းချီပြိုင်ပွဲဆုရသူများစာရင်းကို ဖေဖော်ဝါရီ၅ရက်ကထုတ်ပြန်ကြေညာရာ ဦးသန်းဝင်းထွန်း တောင်ဒဂုံက ပထမ၊ ဦးမင်းဟိန်းအောင် မြောက်ဒဂုံက ဒုတိယ၊ ဦးတင်ဝင်း တောင်ဒဂုံက တတိယဆုတို့ရရှိကြပြီး အထူးဆုများကို မခင်ဝေဝေလှိုင် မြောက်ဥက္ကလာပ၊ ဦးကျော်ကျော်သွင် စမ်းချောင်း၊ ဦးသိန်းဆိုင် မြောက်ဥက္ကလာပ၊ ဦးတင်လှလေး တွံတေးနှင့် ဦးမြင့်သိန်းကျော် သာကေတတို့က အသီးသီးရရှိကြသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ် ၁၅ ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ဒဂုံမြို့နယ် အလံပြဘုရားလမ်း အမှတ် ၃၃ Park Royal Hotel (Grand Ballroom)၌ ကျင်းပမည်ဖြစ်ရာ ဆုရသူများအားလုံးနှင့် ယခင်မြန်မာ့အလှပြိုင်ပွဲများတွင် ဆုရရှိသူများအားလုံးလည်း တက်ရောက်နိုင်ရန် ဖိတ်ကြားထားပြီး ဖိတ်စာအချိန်မီ မရောက်သော်လည်း တက်ရောက်ကြရန်နှင့် မြန်မာ့အလှ(၃) ဆုရသူများအနေဖြင့် အတွင်းရေးမှူး မြန်မာနိုင်ငံရိုးရာပန်းပညာရှင် အစည်းအရုံး(ဗဟို) ဖုန်း-၃၈၅၂၅၉သို့ ဆက်သွယ်သတင်းပို့ကြရန် နှိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

ရေငုပ်သမားများ ကျန်းမာရေး ဗီတာမင် စီနှင့်အီး စားသုံးသင့်

ဗီတာမင်သက်စောင့်ဩဇာဓာတ်များ စားသုံးခြင်းဖြင့် ရေငုပ်သမားများ၏ကျန်းမာရေးကို ကောင်းမွန်စေကြောင်း သိပ္ပံပညာရှင်များက တွေ့ရှိထားသည်ဟုဆို၏။

တွေ့ရှိထား

ရေငုပ်သမားများအား ဗီတာမင်စီနှင့် ဗီတာမင်အီး တိုက်ကျွေးပါက ရေငုပ်ခြင်းဖြင့်ပေါ်ပေါက်တတ်သော သွေးကြောများတစ်လျှောက်ရှိ ကလပ်စည်းများအပေါ် ဆိုးကျိုးပေးမှုမှန်သမျှကို တားဆီးပေးနိုင်ကြောင်း ခရိုအေးရှားနှင့်နော်ဝေးသိပ္ပံပညာရှင်များက တွေ့ရှိထားသည်။

သိပ္ပံပညာရှင်များက ရေငုပ်ခြင်းကို အသက်မွေးဝမ်းကျောင်းလုပ်သူ ခုနစ်ဦးကို စမ်းသပ်ပြီး ယင်းတို့မှ တွေ့သိလာခြင်းဖြစ်သည်ဟုဆို၏။

စားသုံးသင့်

ရေငုပ်သည့်အခါ ရေငုပ်သမားများ အနေဖြင့် ယေဘုယျ သွေးတိုးတတ်ကြမည့်အပြင် အဆုတ်ထဲ ရေဝင်တတ်ကြသည်။ ထို့ကြောင့် ရေမငုပ်မီ ဗီတာမင်စီနှင့် ဗီတာမင်အီး စားသုံးသင့်သည်ဟု သိပ္ပံပညာရှင်များက အကြံပြုထားသည်။ (အင်တာနက်)

အင်တာနက် သတင်းနှင့်ဓာတ်ပုံ

တက္ကသိုလ်များသမိုင်းအထူးပြု ကျောင်းသားကျောင်းသူများ၏ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

တက္ကသိုလ်များ သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ၏ အဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ၁၁ရက် နံနက်၈နာရီမှ ၁၀နာရီအထိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပြီး သတ္တမအကြိမ် မိတ်ဆုံညစာစားပွဲကို ညနေ၆နာရီမှ၉နာရီအထိ M-3 Food Centre ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေနှင့် ညစာစားပွဲလက်မှတ်များကို ဦးဉာဏ်ဝင်း ဖုန်း-၂၀၃၁၅၄၊ ဦးဝင်းနိုင် ဖုန်း-၇၂၃၉၅၈၊ ဦးနန်းအောင် ဖုန်း-၅၇၉၈၃၈၊ ဦးဝင်းကြွယ် ဖုန်း-၅၂၅၂၁၄၊ ဦးအောင်ကျော်မင်း ဖုန်း-၀၉-၅၀၂၀၁၆၃၊ ဒေါ်ခင်သိန်းဝင်း ဖုန်း-၅၁၂၂၈၆၊ ဒေါ်ခင်စောနွဲ့ ဖုန်း-၅၅၆၂၀၇၊ ဒေါက်တာငွေးမြင့် ဖုန်း- ၀၉-၉၉၇၃၀၃၁၊ ဦးမျိုးလွင် ဖုန်း-၀၉-၅၁၀၃၃၅၅၊ ဦးကျော်ထွန်း ဖုန်း-၀၉-၅၁၆၁၂၂၀၊ ဒေါ်စုစုနိုင် ဖုန်း-၀၉-၅၁၀၁၇၀၅၊ ဦးလင်းမြင့် ဖုန်း-၀၉-၅၀၀၃၅၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

သတင်းမွှေးသည့် အင်းလေးကန်သာကို နိုင်ငံခြားသားတို့ သဘောကျ အင်းပေါခုန်ရွာမှ ပိုးထည်နှင့် ကြာသက်န်းရက်လုပ်မှုကို စိတ်ဝင်စား ရွာအလိုက်စီးပွားရေးထုတ်ကုန်များ ထုတ်လုပ်နေ

အသက်(၈၀)ကျော် ဘွားဘွားကလည်း ပိုးချည်မျှင်များကို ဤသို့ ဗိုင်းငင်နေသည်။ ဓာတ်ပုံ-အောင်သန်း (မင်္ဂလာတောင်ညွန့်)

ရန်ကုန် ဖေဖော်ဝါရီ ၆

ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ ညောင်ရွှေမြို့နယ်မှ အင်းလေးကန်ကြီးမှာ မြန်မာနိုင်ငံအရပ်ရပ်မှ လာရောက်လည်ပတ် အပန်းဖြေကြသည့် အပြင် ကမ္ဘာအရပ်ရပ်မှ ကမ္ဘာလှည့်ဧည့်သည်များပါ စိတ်ပါဝင်စားစွာဖြင့် လာရောက်လေ့လာခြင်း၊ အင်းလေးကန်၏ ကြည်လင် အေးမြသော ရှုမျှော်ခင်းများကို ကြည့်ရှုခံစားကြသည်။

အင်းလေးကန်ကြီးမှာ အရှေ့ဘက်နှင့် အနောက်ဘက်တွင်ရှိသည့် တောင်နှင့်မြောက်သွယ်တန်းနေသော တောင်တန်းကြီးနှစ်ခု၏ အလယ်တွင် တည်ရှိရာ အဆိုပါ တောင်တန်းကြီးများသည် ထုံးကျောက်လွှာဇရိယာ အတွင်းတွင်ရှိသော တောင်တန်းများ ဖြစ်သည်။ အင်းလေးကန်၏ မြောက်ဘက်တွင် နမ့်လတ်လွင်ပြင်၊ တောင်လေးလုံးတောင်တန်း၊ အနောက်မြောက်ဘက်တွင်ဟဲဟိုးလွင်ပြင်၊သီခေါင်တောင်တန်းနှင့်သာမိုင်းခမ်းလွင်ပြင်၊ အနောက်ဘက်တွင် လုံးပိုးလွင်ပြင်တို့ အဓိက တည်ရှိနေသည်။

အခြေပြု

အင်းလေးကန်၏ အလျားမှာ ၁၁ မိုင်ရှိပြီး ကန်၏ အကျယ်ဆုံး အနံမှာ လေးမိုင်ရှိပြီး အင်းလေးကန်ကို သာလေးရွာ၊ အင်းပေါခုန်ရွာ၊ ဟဲယားရွာမနှင့် နန့်ပန်ရွာကြီး လေးရွာကို အခြေပြုတည်ရှိလျက်ရှိသည်။ ယင်းရွာကြီးလေးရွာတွင် ရွာအလိုက် စီးပွားရေးထုတ်ကုန်များ ထုတ်လုပ်လျက်ရှိသည့် အလျောက် အင်းပေါခုန်ရွာသည် ရက်ကန်းလုပ်ငန်းဖြင့် လက်မှုလုပ်ငန်းများဖြစ်သော အဝတ်အထည်လုပ်ငန်းဖြင့် စီးပွားရှာဖွေသော ရွာကြီးဖြစ်သည်။

စိတ်ပါဝင်စား

အင်းပေါခုန်ရွာထွက် ပိုးထည်များကို စိတ်ပါဝင်စားစွာ ရွေးချယ်ဝယ်ယူနေကြသည့် ကမ္ဘာလှည့် နိုင်ငံခြားသား ခရီးသွားများကို ဤသို့တွေ့ရသည်။

ဓာတ်ပုံ-အောင်သန်း (မင်္ဂလာတောင်ညွန့်)

လေ့လာ

မြန်မာ့အလင်း သတင်းအဖွဲ့ သည် အင်းလေးကန်တွင်း၌ ပိုးထည်ရက်ကန်းလုပ်ငန်းလုပ်ကိုင်နေသော အင်းပေါခုန်ရွာသို့ သွားကြပြီး ပိုးထည်ရက်ကန်းလုပ်သော မြစကြာပိုးထည်လုပ်ငန်းကို သွားရောက်လေ့လာကြသည်။

မြစကြာ ရက်ကန်းလုပ်ငန်းမှာ အင်းလေးကန်ရေပေါ်တွင်တည်ဆောက်ထားသော လုပ်ငန်းဖြစ်၍ ရက်ကန်းစင်များမှာ ရေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံများဖြစ်ကြသည်။ ရက်ကန်းစင်များရှိသော အဆောက်အအုံမှာ သုံးထပ်အဆောက်အအုံများဖြစ်၍ ရက်ကန်းခတ်သံများဖြင့် ဖုံးလွှမ်းနေသည်။

နှစ်ခြိုက်သဘောကျ

မြစကြာ ရက်ကန်းလုပ်ငန်းသို့ မြန်မာ့အလင်းသတင်းအဖွဲ့ ရောက်ရှိသောအချိန်တွင်နိုင်ငံတကာမှအင်းလေးကန်သာယာမှုနှင့် ရေပေါ်တွင် အိမ်ဆောက်နေကြသော မြင်ကွင်းကို နှစ်ခြိုက်သဘောကျစွာဖြင့် အုပ်စုလိုက်လိုက်လံလေ့လာနေကြသည့် နိုင်ငံခြားသား ဧည့်သည်များကို တွေ့ရသည်။

စိတ်ဝင်စား

နိုင်ငံခြား ဧည့်သည်များသည် မြစကြာပိုးထည် ရက်ကန်းလုပ်ငန်းတွင် အထည်များရက်လုပ်နေသည်ကို စိတ်ဝင်တစားလေ့လာကြည့်ရှုလျက် ခရီးသွားနိုင်ငံခြားသားအဖွဲ့နှင့် ပါလာသော စကားပြန်မိန်းကလေးများအား သိလိုသမျှ စိတ်ပါဝင်စားစွာ မေးမြန်းခြင်း၊ မြန်မာနိုင်ငံမှ အမှတ်တရ ပစ္စည်းအဖြစ် ပိုးထည်အင်္ကျီ၊ ပိုးတဘက်၊ ပိုးစကပ်၊ ပိုးဦးထုပ်စသည့် ပစ္စည်းများကို ဝယ်ယူလျက်ရှိသည်ကို တွေ့ရသည်။

မြစကြာ ပိုးထည်လုပ်ငန်းသို့ ရောက်စဉ် မြစကြာ ပိုးထည်လုပ်ငန်းပိုင်ရှင် ဒေါ်နန်းမြဦးအား တွေ့ဆုံ၍ လုပ်ငန်းနှင့်ပတ်သက်၍သိလိုသမျှစုံစမ်းမေးမြန်းခဲ့ပါသည်။ မြန်မာ့အလင်းက မေးမြန်းချက်နှင့် ပတ်သက်၍ ဒေါ်နန်းမြဦးက ပြောပြ၍သိရသည်မှာ မြစကြာပိုးထည်ရက်လုပ်ငန်းကို မိမိတို့၏ အဘိုးလက်ထက် နှစ်ပေါင်း ၈၀ ခန့်က စတင်တည်ထောင်ခဲ့ကြောင်း။

ပိုးဇင်းမယ်များ၊ ပိုးပြောင်များ၊ ပဝါအမျိုးမျိုးတို့ကိုခတ်ကြောင်း၊ နိုင်ငံခြားသား ခရီးသွားဧည့်သည်များသည် များသောအားဖြင့် ခရီးသွားရာသီဖြစ်သော ပွင့်လင်းရာသီတွင် လာကြကြောင်း၊ အောက်တိုဘာ၊ နိုဝင်ဘာမှ စပြီး ဇန်နဝါရီ၊ ဖေဖော်ဝါရီတို့တွင် လာကြကြောင်း၊ နိုင်ငံခြားသား ခရီးသွားများအနေဖြင့် မိုးရာသီနှင့် နွေရာသီတွင် မလာကြကြောင်း၊ လာရောက်ကြသော နိုင်ငံခြားဧည့်များမှာ ဂျပန်၊ ပြင်သစ်၊ ဂျာမန်၊ စပိန်၊ အီတလီ၊ ဂရိလူမျိုးများ လာကြကြောင်း။

သတင်းမြင်ကွင်း-ကျော်စိန်၊ ဓာတ်ပုံ-အောင်သန်း(မင်္ဂလာတောင်ညွန့်)

နိုင်ငံခြားသားများ စိတ်ဝင်စားသည်မှာ ပိုးပြောင်လေးတွေနဲ့ ပိုးပဝါများ အများဆုံး ဝယ်ယူကြပါတယ်။

(မြစကြာပိုးထည်လုပ်ငန်းပိုင်ရှင် ဒေါ်နန်းမြဦး)

ဓာတ်ပုံ-အောင်သန်း (မင်္ဂလာတောင်ညွန့်)

အက်ဖ်အီးစီ

နိုင်ငံခြားသားခရီးသွားများ စိတ်ဝင်စားသည်မှာ ပိုးပြောင်လေးတွေနှင့် ပိုးပဝါလေးတွေအများဆုံးဝယ်ကြောင်း၊ တချို့တလေကတော့ ကူရှင်အဖုံးချုပ်ရန် ဝယ်တတ်ကြောင်း၊ ပဝါသေးလေးများ၊ နက်တိုင်များကိုလည်း အမှတ်တရ ဝယ်ကြကြောင်း၊ မိမိတို့အနေဖြင့် တတ်နိုင်သမျှ ကျပ်ငွေဖြင့်သာ ရောင်းချကြောင်း၊ ကျပ်ငွေမပါလျှင် FEC ကို လက်ခံကြောင်း။

တရုတ်ပိုးထည်

နိုင်ငံခြားငွေနှင့် မရောင်းဘူးတော့ မဟုတ်ပါဘူး၊ မြန်မာနိုင်ငံမှာ မြန်မာကျပ်ငွေနှင့်ဝယ်တာကို တန်ဖိုးထားတဲ့ သဘောလည်းပါကြောင်း၊ ကျပ်ငွေမှ အလုပ်သမားတွေပြန်ပေးရတာ၊ ဝယ်ရတဲ့ပစ္စည်းကလည်း မြန်မာငွေနှင့် ဝယ်တော့ ပိုအသုံးတည့်ကြောင်း၊ ပိုးချည်များကို မန္တလေးက ဝယ်ပါတယ်၊ တရုတ်ပြည်ကလဲ လာပါတယ်၊ ကျွန်မတို့အသုံးများတာက တရုတ်ပိုးထည်ကို သုံးကြောင်းဖြင့် ပြောပြသည်။

မေး။ ။ ရောင်းဈေးက အနိမ့်ဆုံးဈေးနှင့် အမြင့်ဆုံးဈေး သိပါစေ။

ဖြေ။ ။ အနည်းဆုံးက နက်တိုင်လိုပစ္စည်းက ကျပ် ၃၅၀၀နှင့် ပဝါ တစ်ထည် ကျပ် ၁၂၀၀၀ ရောင်းပါတယ်၊ပစ္စည်းအပေါ်မူတည်လို့ ကျပ် ၃၅၀၀ နှင့် ကျပ် ၁၂၀၀၀ ရှိပါတယ်။

မေး။ ။ ဆိုင်ခွဲများရှိပါသလား။

ဖြေ။ ။ ဆိုင်ခွဲမရှိပါဘူး၊ ကျွန်မတို့က ကျွန်မတို့ရဲ့ လက်မှုပညာကို ပြချင်လို့ ရက်တာရော၊ ရောင်းတာရော တစ်နေရာတည်းမှာပဲ ရှိပါတယ်။

မြန်မာ့အလင်းအဖွဲ့သည် မြစကြာပိုးထည်လုပ်ငန်းခွင်သို့ လှည့်လည်လေ့လာရာ ကြာရိုးများဖြင့် ရက်လုပ်သော ကြာသင်္ကန်း လုပ်ငန်းခွင်သို့ ရောက်ရှိခဲ့သည်။ ကျွန်တော်တို့ တွေ့ဆုံမေးမြန်းချက်အရ ပဒုမ္မာကြာရိုးများကို ခွဲစိတ်ပြီး ကြာရိုးမှ ထွက်လာသော ကြာရိုးအမျှင်ကလေးများကို တစ်ပင်ချင်း ဆွဲထုတ်၍ ရက်လုပ်သော ကြာသင်္ကန်းဖြစ်၍ ပဒုမ္မာကြာသင်္ကန်းစင် သုံးစင်ဖြင့် ရက်သည်ကိုတွေ့ရသည်။

ရက်လုပ်

ကြာသင်္ကန်းရက်ရန် ကြာပင် ၄၀၀ လောက်မှ တစ်ကျပ်သားလောက်ရသည်။ ကြာရိုးမှထွက်လာသော ချည်မျှင်များကို ပင်ပင်ပန်းပန်းချည်မျှင်အဖြစ် သုံးရန် စက်မှုမပါ လက်နှင့် ဗိုင်းငင်ကြရပြီး ကြာသင်္ကန်းအဖြစ် ရက်လုပ်၍ ရောင်းချလျှင် သင်္ကန်းတစ်ထည်လျှင် ကျပ်ရှစ်သိန်းခန့်တန်ဖိုးရှိသည်။

မြစကြာ ပိုးထည်လုပ်ငန်းတွင် ဝယ်ယူသူ၊ ဝတ်ဆင်သူတို့ကြိုက်နှစ်သက်စေရန် ဒီဇိုင်းပုံထုတ်ခြင်းလုပ်ငန်းကို လုပ်ကိုင်နေသည်မှာ အသက်အရွယ်ကြီးသော အဘွားအိုများလုပ်ကိုင်နေသည်ကို တွေ့ရ၍ အသက်မေးကြည့်သော အခါတွင် အသက် ၈၅ နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။ ကြာသင်္ကန်း၏ အဖိုးတန်မှုမှာ သင်္ကန်းရုံသော သံဃာတော်များအတွက် အပူအအေးမျှတသော သတ္တိထူးရှိသည်။ ပူသောရာသီတွင်ခြုံလျှင် အေး၍ အေးသောရာသီတွင်ခြုံလျှင် ပူနွေးသည်ဟု သိရသည်။

တစ်ပေပတ်လည်ခန့်ရှိသော ကြာသင်္ကန်းတစ်ထည်လျှင် ကျပ်ငွေတစ်သောင်းခန့်တန်၍ ဘုရားကပ်လှူလိုသူများ ဝယ်ယူကပ်လှူကြောင်း သိရှိရသည်။ ကြာသင်္ကန်းရက်သော အမျိုးသမီးများအနေဖြင့် သင်္ကန်းရက်သောကာလတွင် သက်သတ်လွတ်စားကြရပြီး ရက်လုပ်သော အမျိုးသမီးသည် သန့်ရှင်းစင်ကြယ်သော အမျိုးသမီးဖြစ်ရသည်ဟု သိရသည်။ ။

(မြန်မာ့အလင်း)

မြန်မာ့အလင်း ပြည်တွင်းသတင်းအတိုအထွာ

နောင်တရားဒေသတွင် သီးနှံများတိုးချဲ့စိုက်ပျိုး

ရှမ်းပြည်နယ်(တောင်ပိုင်း)နောင်တရားဒေသတွင် စပါးစိုက်ဧက ၁၉၀၈၅ ဧကရှိရာ ဝမ်းစာဖူလုံမှု ၁၁၅ ဒသမ ၃၂ ရာခိုင်နှုန်းရှိပြီး ဆီထွက်သီးနှံမြေပဲ၊ နေကြာ၊ ပန်းနှမ်း၊ ဆီမုန်ညင်းစိုက်ဧက ၅၇၂၁ ဧက စိုက်ပျိုးခဲ့ရာ စားသုံးဆီဖူလုံမှု ၁၁၄ ဒသမ ၄၄ ရာခိုင်နှုန်း တိုးချဲ့စိုက်ပျိုးလာသဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ စီးပွားရေးတိုးတက်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

အထက(၁) နမ့်လန်၌ ပညာရည်ချွန်ဆုချီးမြှင့်

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် နမ့်လန်ဒေသ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ဇန်နဝါရီ ၆ ရက်က ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်အခမ်းအနားကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်စိုးက အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်များကိုရှင်းလင်းပြီး တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

ပြည်ထောင်စုနေ့ ဂုဏ်ပြုသွေးလှူဒါန်း

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်ရှိ တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးတက္ကသိုလ်ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ၏ ဒုတိယအကြိမ် သွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁ ရက်က အဆိုပါ တက္ကသိုလ်ခန်းမ(၁၁၂)၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပေါင်မြို့တွင် စာပေဟောပြော

စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၁၅ ရက် ည ၇ နာရီက မွန်ပြည်နယ် ပေါင်မြို့ စိန်ရပ်ရှင်ရုံတွင်ကျင်းပရာ စာရေးဆရာ ဒေါက်တာခင်မောင်ညို၊ ကောင်းသန့်နှင့် အကြည်တော်တို့က စာပေရေးရာများ ဟောပြောခဲ့ကြသည်။

လားရှိုး ရန်တိုင်းအောင်မြို့ ဦးစေတီ ဗုဒ္ဓပူဇနိယပွဲတော်

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရန်တိုင်းအောင် မြို့ဦးစေတီတော်၏ ပထမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် ရွှေကြာသင်္ကန်းကပ်လှူပွဲကို မတ် ၃ရက်မှ ၇ ရက်အထိ ငါးရက်တိုင်တိုင် ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဟု သိရသည်။

လူငယ်ထုဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုများချီးမြှင့်

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် လူငယ်ထုဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲဆုပေးပွဲကို ဖေဖော်ဝါရီ ၅ရက်က ရန်ကုန်တိုင်း အလုံမြို့နယ် မြို့နယ်ခန်းမ၌ကျင်းပရာ ပထမဆုရ Mikkoအသင်း၊ ဒုတိယဆုရ A.M(Club)အသင်း၊ တတိယဆုရ ပါကေး(A)အသင်းတို့အား ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်ဝင်းကလည်းကောင်း၊ အသန့်ရှင်းဆုံးဆုရသည့် ရွှေမန်း(၂)အသင်းအား မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်ကလည်း ဆုဖလားနှင့် ငွေသားဆုများ ချီးမြှင့်ခဲ့ကြသည်။

မွေးကင်းစကလေး ကျန်းမာရေးဆိုင်ရာအလုပ်ရုံဆွေးနွေး

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် အရှေ့တောင်အာရှနိုင်ငံများအတွင်း မွေးကင်းစကလေး ကျန်းမာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို ဖေဖော်ဝါရီ၅ ရက်က ရန်ကုန်မြို့ Park Royal Hotel ၌ ကျင်းပပြီး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၉ ရက်အထိ ကျင်းပလျက်ရှိရာ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ဌာနချုပ်နှင့် အိန္ဒိယ၊ အင်ဒိုနီးရှား၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့မှ ကျန်းမာရေးပညာရှင် ၅၀ တက်ရောက်ဆွေးနွေးလျက်ရှိကြောင်း သိရသည်။ ။

(မြန်မာ့အလင်း)

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍစုံတွင် ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များ ထွန်းကားပြန့်ပွားအောင် အရည်အသွေးမြင့်မားသည့် အတတ်ပညာရှင်များပေါ်ထွန်းလာရေး ရည်မှန်းချက်ရှိရှိပျိုးထောင် ဖြစ်ထွန်းတည်ရှိနေသည့် ပညာရေးဆိုင်ရာအခြေခံအဆောက်အအုံများကို အကျိုးရှိစွာအသုံးချ

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမဦးကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

သင်တန်းဖွင့်
အမှာစကားပြောကြား

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) တက္ကသိုလ် ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

တက်ရောက်

အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းဖွင့် အမှာစကားပြောကြားရာတွင် နိုင်ငံတော်အတွင်း၌ တည်ငြိမ်အေးချမ်းသာယာမှု၊ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းမှု အခြေခံကောင်းများ ဖြစ်ထွန်းလာစေရန်နှင့် အစဉ်ထာဝရ တည်တံ့ခိုင်မြဲစေရအောင် ထိန်းသိမ်းမြှင့်တင်ပေးနိုင်စေရန်အတွက် နိုင်ငံသူ နိုင်ငံသားများ၏ ပညာရည်မြင့်မားမှု၊ အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံမှုတို့သည် ပင်မလိုအပ်ချက်ဖြစ်ကြောင်း။

ဟန်ချက်ညီညီ

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေနှင့် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး ရည်မှန်းချက်ကို ချမှတ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဒေသအသီးသီး၌ ပညာရေးအဆင့်အတန်း ဟန်ချက်ညီညီ တိုးတက်မြင့်မားလာစေရအောင်၊ တစ်နည်းအားဖြင့် တစ်နိုင်ငံလုံးလွှမ်းခြုံပြီး ပညာစွမ်းအားဖြင့် ပြည့်စုံသောနိုင်ငံ (Educated Nation)ဖြစ်လာစေရအောင် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းပင် ဖြစ်ကြောင်း။

နယ်စပ်အစွန်အဖျားဒေသများတွင် တည်ငြိမ်အေးချမ်းမှု ပျက်ပြားနေခဲ့စဉ်ကာလများက ဒေသခံတိုင်းရင်းသားလူမျိုးများအတွက် ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ ဆုံးရှုံးခဲ့ရသကဲ့သို့ ပညာရေးအဆင့်အတန်း နိမ့်ကျလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးမှုသည်လည်း နိမ့်ကျလာခဲ့ရပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် တည်ငြိမ်အေးချမ်းမှုအခြေခံများ ပိုမိုပျက်ယွင်းလာခဲ့ရသည့် သံသရာထဲက ရုန်းမထွက်နိုင်သည့် အခြေအနေမျိုး ဖြစ်နေခဲ့ရကြောင်း။

ဖြန့်ကြက်ထူထောင်

ထို့ကြောင့် မိမိတို့ တပ်မတော်အစိုးရလက်ထက်တွင် နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအနှံ့မှာ စာသင်ကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များကို ဖြန့်ကြက်ထူထောင်ပေးရင်း ဒေသအသီးသီး၌ ပညာရေးအခြေခံများ မျှမျှတတ ဖြစ်ထွန်းလာစေရန် စီမံဆောင်ရွက်ပေးနေခြင်းပင် ဖြစ်ကြောင်း။

ပြည်နယ်၊ တိုင်းအသီးသီး၏ အချက်အချာကျသည့်ဒေသများကို အခြေပြုထားသည့် ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခုတွင် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရကွန်ပျူတာကောလိပ် တစ်ခုစီကို မဖြစ်မနေ ထည့်သွင်းတည်ထောင်ဖွင့်လှစ်ပေးခဲ့ကြောင်း။

အဆင့်တိုးမြှင့်

ဒေသခံလူငယ်များ အဆင့်မြင့်ပညာရပ်များကို အဆင့်ဆင့်သင်ယူပြီးမြောက်လာသည်နှင့် တစ်ပြေးညီ ဒီဂရီကောလိပ်များ၊ နည်းပညာကောလိပ်များ၊ ကွန်ပျူတာကောလိပ်များကို တက္ကသိုလ်အဆင့် တိုးမြှင့်ပေးခဲ့ရာတွင် ယခုနှစ်ဇန်နဝါရီလအတွင်းမှာပင် နောက်ဆုံးတိုးမြှင့်ရန် ကျန်နေသည့် ဝိဇ္ဇာ၊ သိပ္ပံကောလိပ်သုံးခုနှင့် နည်းပညာကောလိပ်အားလုံး၊ ကွန်ပျူတာကောလိပ်အားလုံးတို့ကို တက္ကသိုလ်အဆင့် တိုးမြှင့်ပေးခဲ့ပြီးဖြစ်သည့်အတွက် ယနေ့ဆိုလျှင် ဖွံ့ဖြိုးရေးအထူးဒေသကြီးတိုင်း၌ ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့ တည်ရှိနေပြီဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍမှာဆိုလျှင်လည်း ဖွံ့ဖြိုးရေးဒေသကြီးတိုင်း၌ ခုတင် (၂၀၀)ဆံ့ အထူးကုဆေးရုံကြီးတစ်ရုံ ထည့်သွင်းထူထောင်ပြီး ဒေသအသီးသီး၏ ပညာရေး၊ ကျန်းမာရေး အခြေခံများ ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံဆောင်ရွက်ပေးနေကြောင်း။

တိုးချဲ့ဖွင့်လှစ်

မြို့နယ်အဆင့်တွင် အနည်းဆုံး (၂၅)ခုတင်ဆံ့ဆေးရုံ သို့မဟုတ် ခုတင် (၅၀)ဆံ့ ဆေးရုံတစ်ရုံစီရှိစေသည့်အပြင် ခုတင် (၃၀၀)ဆံ့ အထူးကုဆေးရုံကြီးများ၊ အထွေထွေရောဂါကု ဆေးရုံကြီးများ၊ သင်ကြားရေးဆေးရုံကြီးများကို တစ်နိုင်ငံလုံး၌ တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ခရိုင်ဆေးရုံကြီးနှင့် အထက် ဆေးရုံကြီးများတွင် အထူးကုဆရာဝန်ကြီးများ၊ သမားတော်ကြီးများ၊ ဆေးဝါးကျွမ်းကျင်သူများ၊ ခေတ်မီရောဂါရှာဖွေရေး၊ ကုသရေးနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများ ပြည့်စုံစေရအောင် ဖြည့်တင်းပေးလျက်ရှိကြောင်း။

ကျန်းမာရေးကဏ္ဍတစ်ခုလုံးတွင် နိုင်ငံတကာတွင် ဖြစ်ထွန်းနေသည့် ကျန်းမာရေးဆိုင်ရာနည်းပညာများ၊ ခေတ်မီပစ္စည်းကိရိယာများ အသုံးပြုနိုင်ပြီး ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး မြင့်မြင့်မားမား (High Performance) ပေးနိုင်စေရအောင် စီမံဆောင်ရွက်ပေးနေကြောင်း။

အဆင့်မြှင့်တင်သင်ကြား

လိုအပ်သည့်ဆရာဝန်များ၊ သမားတော်များ၊ ကျန်းမာရေးဆိုင်ရာပညာရှင်များ အရည်အသွေးမြင့်မြင့်မားမားနှင့် လုံလုံလောက်လောက် တိုးမြှင့်မွေးထုတ်ပေးနိုင်စေရန် ဆေးတက္ကသိုလ်များ၊ ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်များ၊ ဆေးဘက်ပညာသည်တက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များ တိုးမြှင့်ဖွင့်လှစ် ပေးလျက်ရှိသည့်အပြင် ဆေးသိပ္ပံပညာဆိုင်ရာ နီးနှောဖလှယ်ပွဲများကျင်းပပြီး သင်ရိုးညွှန်းတမ်းများကိုလည်း အဆင့်မြှင့်တင် သင်ကြားပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ယနေ့ နိုင်ငံတော်၌ လိုအပ်နေသည့်ဆရာဝန်များ၊ သမားတော်ကြီးများ၊ ဆေးသိပ္ပံဆိုင်ရာ ပညာရှင်များကို တိုးမြှင့်မွေးထုတ်ပေးနိုင်လျက်ရှိနေပြီဖြစ်ကြောင်း။

အလားတူပင် သစ်တော၊ သတ္တု၊ စိုက်ပျိုးရေး၊ မွေးမြူရေးစသည့်ကဏ္ဍများတွင်လည်း ဆိုင်ရာဆိုင်ရာ ခေတ်မီ နည်းပညာများဖွံ့ဖြိုးတိုးတက်စေရန်၊ လုပ်ငန်းခွင်မှာ အဆင့်မြင့်နည်းပညာနှင့် ခေတ်မီပစ္စည်းကိရိယာများ အသုံးပြုနိုင်စေရန် အားပေးဆောင်ရွက်လျက်ရှိသည့်အပြင် လိုအပ်သည့်ပညာရှင်များ မွေးထုတ်ပေးနိုင်စေရန်လည်း သက်ဆိုင်ရာတက္ကသိုလ်များ၊ သိပ္ပံများမှာ သင်ရိုးညွှန်းတမ်းများ အဆင့်မြှင့်တင် သင်ကြားပေးလျက်ရှိနေပြီ ဖြစ်ကြောင်း။

အင်တိုက်အားတိုက်

တစ်နည်းပြောရလျှင် တစ်နိုင်ငံလုံး ဖြန့်ကြက်လွှမ်းခြုံပြီး ဖွံ့ဖြိုးမှုနယ်ပယ်ကဏ္ဍအသီးသီး၊ ဒေသအသီးသီးမှာ အဆင့်မြင့်နည်းပညာများဖွံ့ဖြိုးထွန်းကားလာစေရန်၊ အဆင့်မြင့်နည်းပညာနှင့် ခေတ်မီပစ္စည်းကိရိယာများအသုံးပြုနိုင်စေရန်၊အရည်အသွေးမြင့်မားပြီး ထူးချွန်ထက်မြက်သည့် လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွန်းလာစေရန်အတွက် တက္ကသိုလ်နှင့် ကောလိပ်များ၊ အဆင့်မြှင့်တင် တိုးချဲ့ဖွင့်လှစ်ထူထောင်ပေးမှုများ၊ သင်ကြားရေးအထောက်အကူပြု အခြေခံအဆောက်အအုံများ ဖြစ်သည့် ခေတ်မီအလုပ်ရုံနှင့် ဓာတ်ခွဲခန်းများ၊ အီလက်ထရွန်နစ်နည်းပညာအခြေပြု အခြေခံအဆောက်အအုံများ ထူထောင်ဖွင့်လှစ်ပေးမှုများ၊ သင်ရိုးညွှန်းတမ်းနှင့်တကွ ဆရာများ၏ အရည်အသွေးမြှင့်တင်ပေးမှုများကို ဘက်စုံကဏ္ဍစုံမှာ ကျယ်ကျယ်ပြန့်ပြန့် အင်တိုက်အားတိုက် ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း။

ယင်းသို့ ဒေသစုံ၊ အလွှာစုံ၊ ပညာရပ်နယ်ပယ်စုံ၊ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍစုံတို့တွင် ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ ထွန်းကားပြန့်ပွားအောင် အရည်အသွေးမြင့်မားသည့် အသိပညာရှင် အတတ်ပညာရှင်များ ပေါ်ထွန်းနေစေရအောင် ရည်မှန်းချက်ရှိရှိ ပြုစုပျိုးထောင်ပေးနိုင်မှသာ ထုထည်ပမာဏကြီးမားကျယ်ပြန့်ပြီး စွမ်းဆောင်ရည်ထက်မြက်သည့် လူ့ စွမ်းအားအရင်းအမြစ် စွမ်းအားစုကြီးကို ပိုင်ဆိုင်နိုင်မှာဖြစ်ကြောင်း။

စီမံဖန်တီး

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေနှင့် ဒေသမရွေး၊ လူမျိုးဘာသာမရွေး၊ လူတန်းစားမရွေး ပညာသင်ယူခွင့် အခွင့်အလမ်းများရရှိလာအောင်၊ အဆင့်မြင့်ပညာသင်ယူခွင့်၊ လိုအပ်သည့် ပညာရွေးချယ်သင်ယူနိုင်ခွင့် အခွင့်အလမ်းများ ရရှိလာအောင်နှင့် ယင်းသို့ သင်ယူနိုင်သည့်စွမ်းရည်၊ လိုအပ်သည့်အခြေခံအဆောက်အအုံများနှင့် ပြည့်စုံစေရအောင် စီမံဖန်တီး ပေးနေခြင်းပင်ဖြစ်ကြောင်း။

ကျေးလက်ဒေသများမှာရှိသည့် အခြေခံပညာမူလတန်းကျောင်းများက စတင်ပြီး အဆင့်မြင့်တက္ကသိုလ်ကြီးများအထိ ဆိုင်ရာဆိုင်ရာ အဆင့်အလိုက် ထိုက်တန်သည့်ပညာရည် အဆင့်အတန်းရှိနေမှသာ နိုင်ငံတော်ကြီးတစ်ခုလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်နိုင်မှာဖြစ်ကြောင်း။

ထိရောက်စွာအသုံးပြု

ထို့ကြောင့် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအပါအဝင် ပညာရေးကဏ္ဍတွင် ပါဝင်ပတ်သက်နေသူများအားလုံးက ဖြစ်ထွန်းတည်ရှိနေပြီဖြစ်သည့် ပညာရေးဆိုင်ရာအခြေခံ အဆောက်အအုံများကို အကျိုးရှိ ထိရောက်စွာ အသုံးပြုပြီး အဆင့်မြင့်ပညာရပ်များ၏ အထောက်အကူဖြင့် ဒေသအသီးသီး၏ဖွံ့ဖြိုးတိုးတက်မှုနှင့်တကွ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို မြှင့်တင်ပေးကြပါဟု တိုက်တွန်းပြောကြားပြီး သင်တန်းဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

သင်တန်းဖွင့်ပွဲအပြီးတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမ ၆၁၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည် ဖြစ်သည်။

(သတင်းစဉ်)

နှင်းဆီကုန်းဓမ္မရိပ်သာကျောင်း ပဋ္ဌာန်းပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

သဃ်န်းကျွန်းမြို့နယ် နန္ဒင်းကုန်းရပ်ကွက် နှင်းဆီကုန်းဆရာတော်ဦးလက္ခဏ၏ ဓမ္မရိပ်သာကျောင်းတိုက်တွင် (၂၆)ကြိမ်မြောက် ပဋ္ဌာန်းကျမ်းမြတ်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၇ ရက်မှစ၍ ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ ပင့်သံဃာအပါး၁၀၀အား ဦးပဏ္ဍိတအမှူးထား၍ အလှူရှင်များနှင့် ကျောင်းအကျိုးဆောင်များက စုပေါင်း၍ လှူဒါန်းပူဇော်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

● *ကျောဖုံးမှ*

အဆိုပါ သဘောထားကြေညာချက်များအနက် မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ၏ သဘောထားကြေညာချက်၊ ရန်ကုန် ကလျာဏယုဝခရစ်ယာန် အသင်း၏ သဘောထားကြေညာချက် အပြည့်အစုံတို့မှာ အောက်ပါအတိုင်းဖြစ်သည်–
(သတင်းစဉ်)

မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီတို့၏ ခရစ်ယာန်သာသနာရေးဆိုင်ရာ သဘောထားထုတ်ပြန်ချက်

မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များသည် သခင်ခရစ်တော်၏ အဆုံးအမကို ဦးထိပ်ထား၍ သခင်ဘုရား အလိုတော်ရှိသည့်အတိုင်း မဟာကရုဏာမေတ္တာတော်ကို အခြေခံသော ငြိမ်းချမ်းမှု၊ တရားမျှတမှု၊ သစ္စာရှိမှုတို့ကို ပြန့်ပွားစေရေးအတွက် လက်တွဲဆောင်ရွက်နေပါသည်။

ငြိမ်းချမ်းရေး၊ တရားမျှတရေး၊ စည်းလုံးညီညွတ်ရေးတို့ကို ထိခိုက်စေသော ကိစ္စရပ်များ ဖြစ်ပေါ်လာပါက မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီတို့သည် လက်တွဲ၍ မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနနှင့် တိုင်ပင်ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် ခရစ်ယာန်အသင်းတော်၏ အခြေခံမှုဖြစ်သော စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးတို့ကို ထိခိုက်စေမည့် မည်သည့်ကိစ္စရပ်ကိုမဆို လက်ခံနိုင်မည်မဟုတ်ပါ။

ယခုတလော၌ မြန်မာနိုင်ငံသားများနှင့် ခရစ်ယာန်များအကျိုးစီးပွားအတွက်ဟုအမည်တပ်၍ ပြည်ပ အဖွဲ့အစည်းအချို့မှ လှုပ်ရှားဆောင်ရွက်နေသည်ဟုသိရှိရပါသည်။ ထိုအဖွဲ့အစည်းများသည် မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်နှင့်သော်လည်းကောင်း မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များ ကောင်စီနှင့်သော်လည်းကောင်း လုံးဝပါဝင်ပတ်သက်ခြင်းမရှိပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်
ရန်ကုန်

မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်နှင့်
မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ

ရန်ကုန်ကလျာဏယုဝခရစ်ယာန်အသင်း အမှတ်(၂၆၃)၊ မဟာဗန္ဓုလလမ်း၊ ရန်ကုန်။ "ကားတိုင်ထမ်းရွက်ခြင်း" အစီရင်ခံစာနှင့်ပတ်သက်၍ ရန်ကုန်ကလျာဏယုဝခရစ်ယာန်အသင်း၏ သဘောထားအမြင်

၁။ အင်္ဂလန်နိုင်ငံအခြေစိုက် ကမ္ဘာ့ခရစ်ယာန် စည်းလုံးညီညွတ်ရေးအဖွဲ့ (Christian Solidarity Worldwide CSW)မှ "ကားတိုင်ထမ်းရွက်ခြင်း"ဟု ခေါ်တွင်သော မြန်မာနိုင်ငံရှိ ခရစ်ယာန် ဘာသာဝင်များ နှိပ်ကွပ်ခံရခြင်းနှင့် ပတ်သက်သော အစီရင်ခံစာတစ်ရပ်ကို ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်းကို ရန်ကုန်ကလျာဏယုဝ ခရစ်ယာန်အသင်းက သတိပြုမိခဲ့ပါသည်။ ယင်းအစီရင်ခံစာတွင် မြန်မာနိုင်ငံရှိ ခရစ်ယာန်များသည် ကန့်သတ်ချုပ်ချယ်ခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ နှိပ်ကွပ်ခြင်းအမျိုးမျိုးတို့ကို ခံစားနေရကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မြန်မာနိုင်ငံရှိ လူမျိုးစုငယ်များနှင့် ဘာသာရေးအဖွဲ့အစည်းများအပေါ်၌ ရန်လိုမုန်းတီးစိတ် ရှိကြောင်း ဖော်ပြပါရှိပါသည်။

၂။ ထို့အပြင် ဗြိတိသျှပါလီမန်အမတ်အချို့တို့က ဦးဆောင်၍ ပဏာမအဆိုပြုချက်တစ်ရပ် (The Early Day Motion) ကို ထိုနေ့၌ပင် ထုတ်ပြန်ကြေညာခဲ့ပြီး ယင်းအဆိုပြုချက်တွင် မြန်မာနိုင်ငံအတွင်း ဘာသာရေးလွတ်လပ်ခွင့်များ ချိုးဖောက်ခံနေရခြင်းများကို ကမ္ဘာ့ကုလသမဂ္ဂမှစုံစမ်းစစ်ဆေးရန်နှင့် ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးများ ချိုးဖောက်ခံရမှုနှင့် ပတ်သက်၍ မဖြစ်မနေလိုက်နာဆောင်ရွက်ရန် တာဝန်ရှိသောဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ပေးရေးကို တောင်းဆိုထားကြောင်း ဝမ်းနည်းဖွယ် တွေ့မြင်သတိပြုခဲ့ပါသည်။

၃။ မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်များ၊ ခရစ်ယာန်ဘာသာဝင်များ၊ အစ္စလာမ်ဘာသာဝင်များ၊ ဟိန္ဒူဘာသာဝင်များနှင့် အခြားသောလူနည်းစုဘာသာဝင်များသည် ဘာသာရေးယုံကြည်ချက် ကွဲပြားခြားနားသော်လည်း ရာစုနှစ်များစွာမှစ၍ အေးချမ်းညီညွတ်စွာ အတူတကွလက်တွဲ၍ နေထိုင်ခဲ့ကြသူများဖြစ်ကြောင်းကို ရန်ကုန်ကလျာဏယုဝခရစ်ယာန်အသင်းအနေဖြင့် ဖော်ပြလိုပါသည်။ မြန်မာနိုင်ငံရှိ ဘာသာဝင်အားလုံးနှင့် လူမျိုးစုငယ်များတို့သည် မိမိတို့၏ယုံကြည်ချက်အတိုင်း လွတ်လပ်စွာ ကိုးကွယ်ဝတ်ပြုခွင့်၊ မိမိတို့၏ ဘာသာရေးယုံကြည်ချက်ကို လွတ်လပ်စွာဖော်ထုတ်ဟောပြောခွင့်များ ရရှိနေသည်ကို တွေ့မြင်နိုင်ကြပါသည်။

၄။ သို့ဖြစ်ပါ၍ ကမ္ဘာ့ခရစ်ယာန်များ စည်းလုံးညီညွတ်ရေးအဖွဲ့ (CSW) မှ "ကားတိုင်ထမ်းရွက်ခြင်း" အမည်ရှိ အစီရင်ခံစာကို ထုတ်ပြန်ကြေညာခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ ဘာသာရေးဆိုင်ရာ အေးချမ်းညီညွတ်မှုအခြေအနေကို အနှောင့်အယှက်ပြုရာရောက်သဖြင့် ဝမ်းနည်းဖွယ်ရာဖြစ်ပါသည်။ ကမ္ဘာ့ခရစ်ယာန်များ စည်းလုံးညီညွတ်ရေးအဖွဲ့ (CSW) အနေဖြင့် မြန်မာနိုင်ငံရှိဘာသာဝင်များအချင်းချင်း အထင်အမြင်လွဲမှားမှု၊ တစ်ဦးနှင့်တစ်ဦး အယုံအကြည်ကင်းမဲ့မှုများ ပေါ်ပေါက်စေရန် ကြိုးပမ်းအားထုတ်မှုများကိုမပြုလုပ်ပါရန် တိုက်တွန်းအပ်ပါသည်။

ဒေါက်တာဦးတင်လှ
ဥက္ကဋ္ဌ

ဒေါက်တာသာဉာဏ်
အထွေထွေအတွင်းရေးမှူး

■ *ကျောဖုံးမှ*

လိုက်ပါကပြ အသုံးတော်ခံလျက်ရှိသည်ဟူသောအချက်မှာ ပိုမိုပေါ်လွင်ထင်ရှားနေကြောင်း၊ NLD ဗဟိုနှင့် အဆိုပါ သံရုံးနှစ်ခု ဝင်ထွက်သွားလာဆက်သွယ်မှုမှာ ၁၀ စုနှစ်ပင် ရှိခဲ့ပြီဖြစ်ကြောင်း၊ NLD ၏ လုပ်ရပ်မှာ နိုင်ငံခြားတိုင်းတစ်ပါးတို့၏ ကြိုးဆွဲရာကနေရသည့် နယ်ချဲ့ဩဇာခံ ရုပ်သေးရုပ်သဖွယ် ဖြစ်နေကြောင်း။

NLD ဗဟို၏ အနောက်နိုင်ငံကြီးများအပေါ် အားထားမှီခိုမှုလွန်ကဲနေသည့် အဆိုပါ လုပ်ဆောင်ချက် အမှားများကြောင့် NLD ပါတီ၏ ရှေ့အလားအလာမှာ ကျဆုံးခန်းတိုင်နေပြီဆိုရမှာဖြစ်ကြောင်း စသည်ဖြင့် ဝေဖန်သုံးသပ် ပြောကြားနေကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စင်ကာပူသမ္မတနိုင်ငံ Parkway Group Health Care Pte., Ltd. မှ အသည်းအစားထိုး ခွဲစိတ်အထူးကုဆရာဝန် Dato Dr. Tan Kai Chah က အသည်းရောဂါနှင့် အသည်းအစားထိုးခွဲစိတ်ကုသမှုဆိုင်ရာ တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ တာမွေ မြို့နယ် နှင်းဆီ လမ်း တိုက်၁၈ အခန်း ၁ နေ မိခင်ကြီး ဒေါ် ခင် ကြွယ် အားအမှူးထားပြီး ဦးအောင်မြင့်– ဒေါ်အေးအေးမိုး၊ သား မောင်မြင့် မြတ် မိုရ် ၏ (၂) နှစ် ပြည့် မွေးနေ့အထိမ်း အမှတ် (ကုဋေ ကြွယ် အထည်ဆိုင်) မိသားစုတို့က ဘိုးဘွားများအား တစ်နေ့တာအာဟာရ ကျွေးမွေးရန်နှင့် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဝင် ဒေါ်ခင်သန်းချိုထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အသည်းရောဂါနှင့် အသည်းအစားထိုး ခွဲစိတ်ကုသမှုဆိုင်ရာ ဆေးပညာဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

အသည်းရောဂါနှင့်အသည်းအစားထိုးခွဲစိတ်ကုသမှုဆိုင်ရာဆေးပညာဟောပြောပွဲကို ဇန်နဝါရီ ၂၈ ရက် ညနေ ၆ နာရီတွင် မန္တလေးမြို့ Oriental House ၌ကျင်းပရာ အခမ်းအနားသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ စင်ကာပူသမ္မတနိုင်ငံ Parkway Group Health Care Pte., Ltd. မှအသည်းအစားထိုး ခွဲစိတ်အထူးကု ဆရာဝန် Dato Dr. Tan Kai Chah နှင့်အဖွဲ့ဝင်များ၊ မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီး အသည်းရောဂါဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာသံစစ်နှင့် မန္တလေးမြို့ပေါ်ရှိ အထူးကုဆရာဝန်ကြီးများ၊ ဖိတ်ကြားထားသူများနှင့် စိတ်ဝင်စားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အသည်းရောဂါဌာန ပါမောက္ခဌာနမှူး ဒေါက်တာသံစစ်က အသည်းရောဂါနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပြန်လည်ရှင်းလင်း

ထို့နောက် စင်ကာပူသမ္မတနိုင်ငံမှ အသည်းအစားထိုးခွဲစိတ်အထူးကုဆရာဝန် Dato Dr. Tan Kai Chah က အသည်းရောဂါနှင့် အသည်းအစားထိုး ခွဲစိတ်ကုသမှုဆိုင်ရာတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်သွယ်နိုင်

အသည်းရောဂါနှင့် အသည်းအစားထိုး ခွဲစိတ်ကုသမှုဆိုင်ရာတို့နှင့် စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက Parkway Group Health Care Information Center အမှတ်(၄၄) လသာလမ်း ရန်ကုန်မြို့ ဖုန်း–၀၉ ၅၁၃၁၅၁၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၇–၂–၂၀၀၇ ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၆။	အတီးပြိုင်ပွဲ
၈း၀၀	၇။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၁၀	၈။	နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈း၂၀	၉။	အစဉ်အလာကောင်းသည့် လှိုင်းချောင်းတမံ
၈း၃၀	၁၀။	International News
၈း၄၅	၁၁။	Let's Go
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၅း၅၀	၁။	**၂၀၀၈ခုနှစ် (၂၄)ကြိမ်မြောက် အိုလံပစ်အားကစားပြိုင်ပွဲ ဘောဂျင်းအိုလံပစ်အမျိုးသား ဘောလုံးပြိုင်ပွဲ ပထမအဆင့် ခြေစစ်ပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ပထမအကျော့) [မြန်မာ နှင့် အိန္ဒိယ]**
၁၇း၄၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၈း၀၀	၃။	ညနေခင်းသတင်း
၁၈း၃၀	၄။	မိုးလေဝသအခြေအနေ
၁၈း၃၅	၅။	သုတစုံလင် ရွှေဉာဏ်ရှင်
၁၉း၀၅	၆။	Discovery
၁၉း၁၅	၇။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၁၉း၂၅	၈။	နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၉း၄၀	၉။	ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ **(အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု)**
၂၀း၀၀	၁၀။	ပြည်တွင်းသတင်း
	၁၁။	နိုင်ငံတကာသတင်းများ
	၁၂။	မိုးလေဝသအခြေအနေ
	၁၃။	မြန်မာရုပ်ရှင် **"နော်ရင်မွေး"** စိုးသူ၊ နေအောင်၊ ဇင်ဝိုင်း၊ စိုးမြတ်သူဇာ၊ခင်ဇာခြည်ကျော် (ဒါရိုက်တာ–အောင်စိုးဦး)
	၁၄။	နောက်တစ်နေ့အစီအစဉ်
	၁၅။	အစီအစဉ်ပြီး၏။

အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဗဟုသုတပွဲတော် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံ ဆရာဝန်အသင်းက ကြီးမှူး၍ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့၏ ပံ့ပိုးမှုဖြင့် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဗဟုသုတပွဲတော်ကို ဖေဖော်ဝါရီ ၉ ရက်နှင့် ၁၀ ရက်များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းဝင်းအတွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပွဲတော်တွင် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ဆိုင်ရာ ဗဟုသုတအဖြာဖြာ ရရှိနိုင်ရန် ပြခန်းငယ်များ၊ ဗီဒီယိုပြကွက်များ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲအဆင့်ဆင့်နှင့် ဆုပေးပွဲ၊ အမေးအဖြေကဏ္ဍ၊ စားသောက်ဆိုင်များနှင့် ရန်ပုံငွေရှာဖွေရေးအစီအစဉ်များ ပါရှိမည်ဖြစ်ပြီး စိတ်ဝင်စားသူ မည်သူမဆို လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တီဘီရောဂါဆန်းစစ်သုံးသပ်အကဲဖြတ်အဖွဲ့ဝင်များ လာရောက်တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်းနှင့်အဖွဲ့အား မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသော တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများအပေါ်တွင် လာရောက်ဆန်းစစ်သုံးသပ် အကဲဖြတ်လျက်ရှိသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တီဘီရောဂါ ဆန်းစစ်သုံးသပ် အကဲဖြတ်အဖွဲ့ဝင်များဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံ BRAC Health Program မှ Program Manager, Dr. Md. Akramul Islam၊ ထိုင်းနိုင်ငံ Ministry of Public Health, Chief of TB Cluster, Dr. Sriprapa Nateniyom၊ မြန်မာနိုင်ငံ JICA မှ National Consultant ဒေါက်တာအေးထွန်းနှင့် အမျိုးသား တီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်းမှ ဒေါက်တာဒေါ်သန္တာလွင်တို့သည် ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံရာတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်းနှင့် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခင်ထားမေ၊ အတွင်းရေးမှူးအဖွဲ့ဝင် ဒေါက်တာ ဒေါ်သက်သက်ဇင်နှင့် ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲ အတွင်းရေးမှူး ဒေါက်တာဒေါ်ခင်မာအေးတို့ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ အမျိုးသမီးများနှင့် ကျန်းမာရေးလုပ်ငန်းများ၊ တီဘီရောဂါတိုက်ဖျက်ရေး အသိပညာပေးလုပ်ငန်းများ၊ ညွှန်းပို့ရေးနှင့် ကူညီပေးရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းကို ရှင်းလင်းဆွေးနွေးသည်။

အားရကျေနပ်

ယင်းနောက် အကဲဖြတ်အဖွဲ့ဝင်များက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လုပ်ဆောင်ချက်များသည် မြန်မာနိုင်ငံအနှံ့ မူဝါဒချမှတ်သူများ၊ ကျွမ်းကျင်သူ အတတ်ပညာရှင်၊ အသိပညာရှင်များ အပါအဝင် ရပ်ရွာပြည်သူလူထုအထိ ဆက်စပ်ဆောင်ရွက်နိုင်ကြောင်း သိရှိရ၍ အလွန်ပင် ကောင်းမွန်ပါကြောင်း၊ လူမှုရေးအဖွဲ့အစည်းများက အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးအစီအစဉ်များတွင် ပါဝင်ဆောင်ရွက်သော အတွေ့အကြုံများမှာ အလွန်အားရကျေနပ်ဖွယ်ဖြစ်ကြောင်း အကဲဖြတ်အဖွဲ့က ချီးကျူးပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့် အမှတ် ၂၉၅ရှိ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ရှေးဦးစွာ အလှူရှင်များဖြစ်ကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Nobutake Odano က Grassroot Grant Assistance (GGA) အစီအစဉ်ဖြင့် အမေရိကန်ဒေါ်လာ ၆၇၉၃၀ တန်ဖိုးရှိ ခာတ်ခွဲခန်းသုံးပစ္စည်းများနှင့် ခာတ်မှန်သုံးပစ္စည်းများ၊ ဦးဌေးမြင့်-ဒေါ်အေးအေးမော်(ယုဇနကုမ္ပဏီ)က ငွေကျပ် သိန်း ၃၀နှင့် ကျောင်းသုံး ဗလာစာအုပ်ဒါဇင် ၂၀၀**(အပေါ်ပုံ)**၊ ဒေါ်အေးမြအောင် Sunday Mart က ငွေကျပ် ၂၃ သိန်း တန်ဖိုးရှိ Floor Standing Type Aircon နှစ်လုံး၊ ရွှေမင်းသားကုမ္ပဏီက ငွေကျပ်၁၀၀၄၇၅၀ တန်ဖိုးရှိ ရုံးသုံး စာရေးကိရိယာများ၊ ဦးမြတ်သင်းအောင်-ဒေါ်ခင်မြင့်မြင့် (အောင်အင်တာပရိုက်လီမိတက်)က ငွေကျပ် ၂၈၁၀၀၀ တန်ဖိုးရှိ Water Cooler တစ်လုံးနှင့် Micro Wave Orven တစ်လုံး၊ Mo Asia Co.,Ltd. Dumex က ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ အာဟာရထောက်ပံ့ပစ္စည်းများနှင့် Europ Continents Myanmar က FEC ၂၀၀၀ နှင့် အမေရိကန်ဒေါ်လာ ၆၀၀၀ တန်ဖိုးရှိ ခာတ်ခွဲခန်းသုံးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E Nobutake Odano က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းသို့ လှူဒါန်းသော ပစ္စည်းများကို တွေ့ရစဉ်။

(သတင်းစဉ်)

တရားရုံးချုပ်ဝန်ထမ်းများ မမှန်မကန်ဆောင်ရွက်မှုရှိပါက မည်သူမဆို တိုက်ရိုက်တိုင်ကြားနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၆

နိုင်ငံတော်၏ တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာစေရန် ထိန်းသိမ်းရသော တရားရုံးများတွင် အဂတိတရားကင်းရှင်းပြီး တရားမျှတမှု၊ သာနာညီမျှမှု၊ စိတ်ကောင်းစေတနာရှိမှုစသည့် လောကပါလတရားများ ဦးထိပ်ထား၍ ပြည်သူများ၏ ယုံကြည်အားကိုးမှုရရှိစေမည့် ဥပဒေနှင့်အညီ တရားစီရင်သောစနစ် ဖြစ်ထွန်းရေးအတွက် ရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိသည်။ ယင်းရည်မှန်းချက် မပျောက်ပျက်စေရန်အတွက် တရားရုံးချုပ်က အစဉ်ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ တရားရုံးချုပ်နှင့် တရားရုံး အဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ပြည်သူ့ဝန်ထမ်းအဆင့်အတန်းအားလုံးအနက် တစ်ဦးဦးသည် မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်ကို ကျင့်သုံးရာတွင် ငွေကြေး၊ ပစ္စည်း၊ အခွင့်အရေး တို့ကို လက်ခံရယူ၍ လာဘ်ပေးလာဘ်ယူမှု ပြုလုပ်လျှင်သော်လည်းကောင်း၊ ကိုယ်ကျိုးရှာမှု၊ အနိုင်အထက်ပြုမှုများ ပြုလုပ်လျှင်သော်လည်းကောင်း၊ တည်ဆဲလုပ်ထုံးလုပ်နည်းများနှင့် မကိုက်ညီသောပြုလုပ်မှုများကို လုပ်ကိုင်လျှင်သော်လည်းကောင်း ထိခိုက်နစ်နာသူကိုယ်တိုင် စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ ဖက်(စ်)ဖြင့်ဖြစ်စေ ဖော်ပြပါလိပ်စာများနှင့် ဖုန်းနံပါတ်များသို့ သတင်းပေးတိုင်ကြားနိုင်သည်။

ယင်းတို့မှာ တရားသူကြီးချုပ် ဖုန်း-၀၆၇-၄၀၄၀၈၀၊ ဒုတိယတရားသူကြီးချုပ် ဖုန်း-၀၆၇-၄၀၄၀၇၁၊ ၀၁-၃၇၂၁၄၅၊ ဒုတိယတရားသူကြီးချုပ် ဖုန်း-၀၂-၃၂၁၅၄၊ ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇- ၄၀၄၀၇၈၊ ရုံးအဖွဲ့မှူး ဖုန်း-၀၆၇-၄၀၄၀၆၇၊ ဖက်(စ်)၀၆၇-၄၀၄၀၅၉ တရားရုံးချုပ်ရုံးအမှတ်(၂၄) နေပြည်တော်တို့ ဖြစ်သည်။

ယင်းသို့တိုင်ကြားလာလျှင် တရားရုံးချုပ်က မြန်ဆန်ထိရောက်စွာ စုံစမ်းစစ်ဆေးဖော်ထုတ် အရေးယူသွားမည်ဖြစ်သည်။ ပြည်သူများကလည်း မှန်မှန်ကန်ကန် တိုင်ကြားခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန် နိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှေ့နေချုပ်ရုံးဝန်ထမ်းများ မမှန်မကန်ဆောင်ရွက်မှုရှိပါက မည်သူမဆို တိုက်ရိုက်တိုင်ကြားနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၆

နိုင်ငံတော်၏ တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာစေရန်လည်းကောင်း၊ အများပြည်သူတို့၏ ယုံကြည်အားကိုးသည့် ဥပဒေရုံးများ ဖြစ်ပေါ်လာစေရန်လည်းကောင်း၊ အများပြည်သူအတွက် ဥပဒေပါဝန်ဆောင်မှု ပေးနိုင်ရန်လည်းကောင်း ရှေ့နေချုပ်ရုံးက ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ ဥပဒေရုံးအဆင့်ဆင့်မှ ဝန်ထမ်းတစ်ဦးဦးအနေဖြင့် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ ငွေကြေး၊ပစ္စည်း၊ အခွင့်အရေးတို့ကို လက်ခံရယူခြင်း၊ လာဘ်ပေးလာဘ်ယူမှုပြုလုပ်ခြင်း၊ ကိုယ်ကျိုးရှာမှု၊ အနိုင်အထက်ပြုမှုများ ပြုလုပ်ခြင်း၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် မကိုက်ညီသော ပြုလုပ်ခြင်းများကို လုပ်ကိုင်သည့်အတွက် ထိခိုက်နစ်နာသူများသည် ကိုယ်တိုင်စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ ဖက်(စ်)ဖြင့်ဖြစ်စေ ဖော်ပြပါလိပ်စာများနှင့် ဖုန်းနံပါတ်များသို့ သတင်းပေးတိုင်ကြားနိုင်သည်။

ယင်းတို့မှာ ရှေ့နေချုပ် ဖုန်း-၀၆၇-၄၀၄၀၈၈၊ ဒုတိယရှေ့နေချုပ်များ ဖုန်း-၀၆၇-၄၀၄၀၉၀၊ ၀၆၇-၄၀၄၀၉၂၊၀၆၇-၄၀၄၀၉၄၊ ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၄၀၉၇၊ဖက်(စ်)၀၆၇-၄၀၄၁၄၆၊ ရုံးအဖွဲ့မှူး ဖုန်း-၀၆၇-၄၀၄၁၄၇၊ဖက်(စ်)၀၆၇-၄၀၄၁၀၆၊ ရှေ့နေချုပ်ရုံး ရုံးအမှတ်(၂၅) နေပြည်တော်တို့ ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံတရားရုံးချုပ် ရှေ့နေများကောင်စီဝန်ထမ်းများ မမှန်မကန်ဆောင်ရွက်မှုရှိပါက မည်သူမဆို တိုက်ရိုက်တိုင်ကြားနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၆

နိုင်ငံတော်သည် အများပြည်သူယုံကြည်အားကိုးသည့် တရားရေးမဏ္ဍိုင်ခိုင်မာစေရေးအတွက် အဘက်ဘက်မှ စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတရားရုံးချုပ်ရှေ့နေများ ကောင်စီအနေဖြင့်လည်း ရှေ့နေရှေ့ရပ်များကို အများပြည်သူအတွက် ကောင်းမွန်မှန်ကန်သော ဝန်ဆောင်မှုပေးနိုင်ကြရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် တရားရုံးချုပ်ရှေ့နေ တစ်ဦးဦးသည် ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာနှင့် တာဝန်ကို ဖောက်ဖျက်သည့် အပြုအမူတစ်စုံတစ်ရာ ကျူးလွန်ပါက နစ်နာသူများသည် ကိုယ်တိုင်စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ ဖက်(စ်)ဖြင့်ဖြစ်စေ ဖော်ပြပါလိပ်စာများနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်သည်။

ယင်းတို့မှာ ဥက္ကဋ္ဌ ဖုန်း-၀၆၇-၄၀၄၀၈၈၊ အတွင်းရေးမှူး ဖုန်း-၀၆၇-၄၀၄၀၉၇၊ ဖက်(စ်)၀၆၇-၄၀၄၁၄၆၊ မြန်မာနိုင်ငံတရားရုံးချုပ်ရှေ့နေများကောင်စီတို့ ဖြစ်သည်။ **(သတင်းစဉ်)**

ရှေ့နေချုပ်ရုံး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ ခေတ်နှင့်တစ်ပြေးညီ ဥပဒေပြဋ္ဌာန်းဆောင်ရွက်ရန် ကြိုးပမ်း

နေပြည်တော် ဖေဖော်ဝါရီ ၆

ရှေ့နေချုပ်ရုံး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ ရှေ့နေချုပ်ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ရှေ့နေချုပ် ဦးအေးမောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

မှာကြား

ရှေးဦးစွာ ရှေ့နေချုပ်ဦးအေးမောင်က အမှာစကား ပြောကြားရာတွင် ဥပဒေ(မူကြမ်း)များရေးဆွဲရာတွင် နိုင်ငံတော်၏လိုအပ်ချက်၊ မူဝါဒများနှင့်ကိုက်ညီရန် လိုအပ်သလို ခေတ်နှင့်တစ်ပြေးညီ ဥပဒေပြဋ္ဌာန်းဆောင် ရွက်နိုင်ရန် အစဉ်ကြိုးပမ်းရမှာဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများကို ဖတ်ရှု နားလည်ရုံသာမက ပါဝင်ရေးဆွဲနိုင်ဖို့အထိ ကြိုးပမ်းသွားရန်လိုကြောင်း၊ တရားစွဲနှင့် အမှုလိုက်ကဏ္ဍတွင် ပြည်တွင်း ဥပဒေများကို ကိစ္စရပ်အလိုက် နှံ့စပ်ကျွမ်းကျင် သိရှိထားရန် လိုကြောင်း၊ နိုင်ငံတော်ပိုင်ငွေ၊ ပစ္စည်းမဆုံးရှုံးရေးအတွက် အလေးဂရုပြု ဆောင်ရွက်ရန်လိုကြောင်း၊ ဥပဒေအရာရှိများသည် မိမိတို့တတ်ကျွမ်းသည့်ပညာရပ်၊ အတွေ့အကြုံများကို ဆင့်ကဲ လက်ဆင့်ကမ်း ဖြန့်ချိပေးရန် လိုကြောင်း၊ ကိုယ်ကျင့်တရားထိန်းသိမ်းကြရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် ပြည်နယ်၊ တိုင်း ဥပဒေ အရာရှိများနှင့် တွဲဖက်ပြည်နယ်၊ တိုင်း ဥပဒေအရာရှိများကလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

အကြံညီနှိုင်း

အကြံညီနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၃ ရက်က ကျင်းပခဲ့ရာ ဒုတိယရှေ့နေချုပ် ဒေါက်တာ ထွန်းရှင်နှင့် ဦးထွန်းထွန်းဦး၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်တို့က အမှာစကား အသီးသီးပြောကြားခဲ့ကြပြီး ရှေ့နေချုပ်ရုံးခွဲ(မန္တလေး)၊ ရှေ့နေချုပ်ရုံးခွဲ(ရန်ကုန်)နှင့် ပြည်နယ်၊တိုင်း ဥပဒေရုံးများက စီမံရေးရာနှင့် အမှုလိုက်ရေးရာများအပေါ် အကြံညီနှိုင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

အသက်(၁၄)နှစ်အောက်အာရှဇုန်(၂)တင်းနစ်ပြိုင်ပွဲ ဒုတိယပွဲစဉ်ပြိုင်ပွဲတွင် အောင်ကျော်နိုင် ရွှေတံဆိပ်ထပ်မံဆွတ်ခူးနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၆

၂၀၀၇ခုနှစ် ဇန်နဝါရီ၂၆ရက်မှ ဖေဖော်ဝါရီ ၆ရက်အထိ ပါကစ္စတန်နိုင်ငံ အစ္စလမ်မာဘတ်မြို့၌ကျင်းပခဲ့သော အသက်(၁၄)နှစ်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲ၏ ဒုတိယပွဲစဉ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အောင်ကျော်နိုင်(ကမာရွတ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်-၄)က တစ်ဦးချင်းပြိုင်ပွဲ၌ ပထမ ရွှေတံဆိပ်ဆုကို ထပ်မံဆွတ်ခူးခဲ့သည်။

ပြိုင်ပွဲ၏ ဒုတိယပွဲစဉ် အမျိုးသားတစ်ဦးချင်းဗိုလ်လုပွဲတွင် မြန်မာနိုင်ငံမှ မျိုးဆက်သစ်လူငယ်လက်ရွေးစင် အောင်ကျော်နိုင် (ကမာရွတ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်-၄)က မလေးရှားမှ Mohamad Khan ကို ၆-၃၊ ၆-၃ နှစ်ပွဲပြတ် အနိုင်ရရှိပြီး ပထမရွှေတံဆိပ်ဆုကို ထပ်မံ၍ဆွတ်ခူးနိုင်သည်။

ကြေးတံဆိပ်

အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဇင်မာထွေးအတွဲက ဒုတိယငွေတံဆိပ်ဆုကိုရရှိပြီး တစ်ဦးချင်းပြိုင်ပွဲတွင် တတိယ ကြေးတံဆိပ်ဆုကို ဆွတ်ခူးနိုင်သည်။ ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦး၊ အုပ်ချုပ်/နည်းပြတစ်ဦး စုစုပေါင်းလေးဦး စေလွှတ်ယှဉ်ပြိုင်ခဲ့ရာတွင် မြန်မာနိုင်ငံအတွက် ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်နှစ်ခု စုစုပေါင်းဆုတံဆိပ်ငါးခုဆွတ်ခူးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) (၁၀၁)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် ပျော်ပွဲ ရှင်ပွဲဖွင့်လှစ် ပြပွဲလာ အပန်းဖြေ အနားယူကြသူများဖြင့် အထူးစည်ကား

ဖဲကြိုးဖြတ်ဖွင့်လှစ်

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ (၁၀၁)နှစ်မြောက်မွေးနေ့အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

သတင်းမြင်ကွင်း - မြင့်မောင်စိုး၊ ဓာတ်ပုံ - သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၆

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ကို ၁၉၀၆ ခုနှစ်ကတည်းက စတင်တည်ထောင်ဖွင့်လှစ်ခဲ့ရာ သက်တမ်းအားဖြင့် နှစ်ပေါင်း(၁၀၁)နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။

ယင်းတိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) သည် အများပြည်သူများအား ဆွဲဆောင်ရာ နေရာအဖြစ် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ခြေတော်ရင်း၊ ကန်တော်ကြီးကရဝိက်နန်းတော်တို့နှင့် ဘေးချင်းယှဉ်လျက်အနေအထားရှိသည်။

ဧရိယာအားဖြင့် ဧက ၅၈ ဒသမ ၂၅ ဧက ကျယ်ဝန်းပြီး ဥယျာဉ်ကြီးတွင် ရှေးမူမပျက်တိရစ္ဆာန်လှောင်အိမ်များနှင့် ခေတ်မီ တိရစ္ဆာန်လှောင်အိမ်များအပြင် အရိပ်ရအပင်ကြီးများ ပေါက်ရောက်ပြီး နှစ်စဉ် လူဦးရေ တစ်သန်းခွဲခန့် လာရောက်ကြည့်ရှု အပန်းဖြေကြသည်။ တိရစ္ဆာန်စုဆောင်းထားရှိမှုတွင် ဆင်၊ ကြံ့၊ ရေမြင်း၊ ကျား၊ ကျားသစ်များသာမက ရှားပါးတိရစ္ဆာန်များဖြစ်သည့် ရွှေသမင်၊ သားမင်း၊ ပန်ဒါနီ၊ ငှက်ကုလားအုပ် အစရှိသည့် တိရစ္ဆာန်များကို မွေးမြူထားသည်။

ရုက္ခဗေဒဆိုင်ရာ စုဆောင်းမှုတွင် အပင်မျိုးပေါင်း ၂၀၀ ကျော်ရှိပြီး ကျွန်း၊ သော်ကကြီး၊ မယ်ဇယ်၊ လင်ကွန်းနှင့် ကရဝေးပင်တို့လည်း ရှင်သန်ပေါက်ရောက်လျက်ရှိသည်။

ဖွင့်ပွဲကျင်းပ

ထိုကဲ့သို့ ရှားပါးတိရစ္ဆာန်နှင့်အပင်များ စုဆောင်းထားရာ တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) တည်ထောင်ဖွင့်လှစ်ခဲ့သည်မှာ သက်တမ်းအားဖြင့် နှစ်ပေါင်း (၁၀၁)နှစ်ပြည့်မြောက်ပြီဖြစ်၍ မွေးနေ့အထိမ်းအမှတ် ပျော်ပွဲရှင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အဆိုပါတိရစ္ဆာန်ဥယျာဉ်၏ မြောက်ဘက် အဝင်ဂိတ်အနီး၌ ကျင်းပလျက်ရှိသည်။

ယင်းတိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) (၁၀၁)နှစ် မွေးနေ့ပွဲအထိမ်းအမှတ်ဖွင့်ပွဲအခမ်းအနားသို့ မြန်မာ့အလင်း သတင်းအဖွဲ့ကသွားရောက်၍ သတင်းမြင်ကွင်းရေးသားခဲ့ပါသည်။

အချိန်ကား နံနက် ၈ နာရီကျော်ပြီဖြစ်သည်။ မင်္ဂလာစည်တော်အဖွဲ့က စည်တော်ယွန်းနေပြီဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားတွင် အမျိုးသမီးငယ်များက မိုးပျံပူဖောင်းများကိုင်ဆောင်လျက် အသင့်စောင့်ဆိုင်းနေကြသည်။ အနီးတွင် သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပွဲတော်တွင် လာရောက် ခင်းကျင်းပြသသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ မီဒီယာသမားများ စုရုံးရောက်ရှိနေကြပြီဖြစ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

များမကြာမီ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးလိုက်သည်။ ယင်းနောက် ဗိုလ်ချုပ်လှဌေးဝင်းက ဖွင့်ပွဲအခမ်းအနား မိန့်ခွန်းပြောကြားရာ "ယခု ကျွန်တော်တို့ ရောက်ရှိနေတဲ့ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ကို ၁၉၀၆ ခုနှစ်တွင် ယခုရောက်ရှိနေတဲ့ နေရာလေးမှာ သန္ဓေတည် မွေးဖွားခဲ့ပါတယ်။ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ရဲ့ တည်ရှိရာ နေရာလေးဟာ မြတ်ရွှေတိဂုံရဲ့ ခြေတော်ရင်းနှင့် ကန်တော်ကြီးအနီး တည်ရှိပြီး ရန်ကုန်မြို့နဲ့ မလှမ်းမကမ်းလှတဲ့အတွက် ဒီတိရစ္ဆာန်ဥယျာဉ်မှာ ခေတ်အဆက်ဆက် ပြည်သူများ အပန်းဖြေအနားယူကွန်းခိုရာ ဖြစ်ခဲ့ပါတယ်။ တစ်ကမ္ဘာလုံးတွင် တိရစ္ဆာန်ဥယျာဉ် ၁၂၀၀ ခန့်ရှိပြီး အာရှတိုက်တွင် ထက်ဝက်ခန့်ရှိပြီး ယခုအခါ နှစ်ပေါင်း တစ်ရာကျော်ရှိပြီဖြစ်တဲ့ တိရစ္ဆာန်ဥယျာဉ် အလွန်တရာ ရှားပါးလာပါတယ်။ ၎င်းတိရစ္ဆာန်ဥယျာဉ်များအနက် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ဟာ ထူးထူးခြားခြား တည်ရှိနေတဲ့အတွက် ကျွန်တော်တို့ နိုင်ငံအဖို့ အင်မတန်ဂုဏ်ယူဖွယ်ရာကောင်းပါတယ်၊ နိုင်ငံတော်အနေဖြင့် နိုင်ငံသူ နိုင်ငံသားများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ လောကီတာဝန်နှင့် နိုင်ငံတော်တာဝန်များ ထမ်းဆောင်နိုင်ရေးအတွက် အပန်းဖြေအနားယူရာ ပန်းခြံများ၊ တိရစ္ဆာန်ဥယျာဉ်များ တိုးတက်အောင် တည်ထောင်ပေးသည့်အပြင် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ကိုလည်း စဉ်ဆက်မပြတ် သာယာလှပ ရှုမငြီးဖွယ်ဖြစ်အောင် နေရာအလှ၊ ပန်းအလှနှင့် သဘာဝအလှများ ပြည့်စုံစေရေး ဆောင်ရွက်ထားတာကို တွေ့ရပါတယ်။ ဒီလို သဘာဝအလှအပနှင့် ပသာဒစုံတဲ့ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ကို တစ်နှစ်ထက်တစ်နှစ် လာရောက်ကြည့်ရှုအပန်းဖြေသူများ တိုးတက်လျက်ရှိရာ ယမန်နှစ်က အပန်းဖြေလာရောက်သူပေါင်း ၂၂ သိန်းကျော်ရှိခဲ့ပါတယ်"ဟု ပြောကြားသွားခဲ့သည်။

မြွေလိမ္မာလေးများဖြင့် သမီးငယ်လေးများ ကပြဖျော်ဖြေစဉ်။ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ယင်းနောက် မြန်မာ့အလင်း သတင်းအဖွဲ့သည် အဆိုပါတိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၁)နှစ်မြောက် မွေးနေ့ပွဲတွင် ပျော်ပွဲရှင်ပွဲများ ဖြစ်မြောက်ရေးအတွက် တာဝန်ယူ ဆောင်ရွက်နေသော Event Master ကုမ္ပဏီမှ အထွေထွေမန်နေဂျာ မပိုပိုနှင့်လည်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။

"ကျွန်မတို့ Event Master ကုမ္ပဏီအနေဖြင့် ဒီပွဲတော်ကြီးဖြစ်မြောက်ရေးအတွက် ဆိုင်ခန်းများဖွင့်လှစ်ရောင်းချရေး၊ ဖျော်ဖြေရေးအစီအစဉ်များ ဖြစ်မြောက်ရေးအပြင် ရောင်းချသော ဆိုင်များ စည်းကမ်းတကျရှိရေး၊ လုံခြုံဘေးကင်းရေးတို့အတွက် ကုမ္ပဏီဝန်ထမ်းများက နေ့ရောညပါ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု မပိုပိုက ဦးစွာ မြန်မာ့အလင်းသို့ ပြောကြားသည်။

တစ်မူထူးခြား

ဒီပွဲတော်မှာ လာရောက်ကြည့်ရှုအပန်းဖြေသူတွေအတွက် စားချင်တာတွေ စားလို့ရအောင်၊ ပျော်ချင်တာတွေ ပျော်လို့ရအောင် အစွမ်းကုန်စီစဉ်ထားပါတယ်။ လာရောက် ပျော်ရွှင်တဲ့သူများ အခမဲ့ ဂိမ်းစက်တွေ ကစားနိုင်အောင် ပြိုင်ပွဲတွေ၊ ဆုပေးပွဲတွေလည်း ပါဝင်ပါတယ်။ ပြီးတော့ ကလေးတွေအကြိုက် ကာတွန်း (Carton Parade)များလည်း ထည့်သွင်းထားပါတယ်။ ဂီတဖျော်ဖြေမှုအစီအစဉ်ဆိုရင်လည်း အပြင်မှာ နာမည်ကြီးအဆိုတော်များ (ငါးထောင်၊ တစ်သောင်း) ပေးကြည့်နေရတဲ့အခါမှာ ဒီပွဲတော်မှာ ၁၅၀၀ နဲ့ စီစဉ်ပေးထားပါတယ်၊ နာမည်ကြီး Rock၊ Hip Hop၊ Pop တွေအများကြီးစီစဉ်ထားတယ်။ ဒါ့အပြင် နွေရာသီမှာ ကလေးတွေ ပညာရေးအတွက် Summer School တွေ တက်နိုင်အောင်လည်း ဆိုင်ခန်းတွေ ဖွင့်လှစ်ပေးထားတယ်။ ဒီပွဲတော်ကြီးဟာ အခြားပွဲတော်များနဲ့ မတူ တစ်မူထူးခြားအောင် စီစဉ်ထားတာကြောင့် ပြည်သူများအနေဖြင့် ထူးကဲသော အစားအသောက်များကို လာရောက်စားသောက်ရင်း အပန်းဖြေအနားယူလှည့်ရန် ဖိတ်ခေါ်ပါတယ်"ဟု မပိုပိုက မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြသည်။

ထို့နောက် မြန်မာ့အလင်းသတင်းအဖွဲ့သည် မြွေပဒေသာအက၊ဆင်အက၊ ခွေးငယ်များ၏ စွမ်းရည်ပြသမှု ပြပွဲရှိရာသို့လည်း ရောက်ခဲ့သည်။

အမျိုးသမီးငယ်နှစ်ဦးက အဆိပ်ပြင်း မြွေများကို လက်နှစ်ဖက်ဖြင့် ဆွဲယမ်းလျက် ကပြနေသည်မှာ ပြပွဲလာပရိသတ်များ ရင်သပ်ရှုမောဖွယ်ရာ ပြကွက်ကို ဦးစွာတွေ့မြင်ရသည်။ ယင်းနောက် စပါးအုံးမြွေကြီးရှေ့တွင် အဆိပ်ပြင်းမြွေများ ကိုင်ဆောင်ကာ အမျိုးသားတစ်ဦး ရှမ်းရိုးရာအကဖြင့် ဖျော်ဖြေပေးနေသည်ကိုလည်း တွေ့ရသည်။

စိတ်နှလုံးရွှင်ပြုံး

တစ်ဖန် အဆိပ်ပြင်း တောကြီးမြွေဟောက် တစ်ကောင်နှင့် မင်းသမီးလေးတို့၏ ပြကွက်မှာလည်း မြွေဟောက်ကပါးပျဉ်းထောင် ထပေါက်တော့မည့် အလား အသည်းယားစရာကောင်းလှသည်။ ယင်းနောက် ဆင်မကြီး မိုမို၏ ပုသိမ်ထီးဖြင့် ဦးရွှေရိုးအက၊ ဆင်လေး ကျော်ထွန်း၏ ဘီးလိမ့်စီးပြကွက်၊ ဆင်မလေးများဖြစ်ကြသည့် မျိုးမျိုးနှင့် နွယ်နွယ်တို့၏ ဆင်အက စွမ်းရည်များကလည်း ပြပွဲလာ ပြည်သူများ၏ စိတ်နှလုံးကို ရွှင်ပြုံးစေခဲ့သည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) (၁၀၁) နှစ်မြောက်မွေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲတွင် အပန်းဖြေလာရောက်ကြသူများ၊ ဈေးသည်၊ဈေးဝယ်များဖြင့် တဖွဲဖွဲ စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ယင်းပျော်ပွဲရွှင်ပွဲ ပွဲတော်ကို ဖေဖော်ဝါရီ ၆ ရက်မှ ၁၀ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၆ နာရီခွဲအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တိရစ္ဆာန်ဥယျာဉ်ကြီးတွင် နို့တိုက်သတ္တဝါ ၅၇ မျိုး၊ ကျေးငှက်အမျိုး ၇၀၊ တွားသွားသတ္တဝါ ၁၅ မျိုးတို့ကို ပြသထားသည့်အပြင် သစ်ပင်နှင့် သစ်ပင်ငယ် ၁၅ မျိုး၊ အုန်းနှင့် အုန်းအနွယ် ၁၂ မျိုး၊ ဝါးနှင့်မြက်မျိုး ၁၀ မျိုး၊ ချုံပင် နွယ်ပင်မျိုး ၃၆ မျိုးတို့ကိုလည်း တွေ့ရမည်ဖြစ်သည်။

ဖိတ်ခေါ်

ထို့ကြောင့် အပန်းဖြေအနားယူလိုသော ပြည်သူများ၊ ရုက္ခဗေဒနှင့် သတ္တဗေဒဆိုင်ရာ ဘာသာရပ်များနှင့် ပတ်သက်၍ ပညာဗဟုသုတရှာမှီးလိုသူများ၊ ပျော်ပွဲရွှင်ပွဲ ချစ်မြတ်နိုးသူများ၊ ကျောင်းသား ကျောင်းသူများအနေဖြင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) (၁၀၁)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲသို့ လာရောက် ကြည့်ရှုလေ့လာကြပါရန် ဖိတ်ခေါ်လိုက်ပါရစေ...။ ။

(မြန်မာ့အလင်း)

ဆင်လိမ္မာလေး ကျော်ထွန်း စက်ဝိုင်းခုံးအား လိမ့်ပြီး အစွမ်းပြသနေစဉ်။ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ခွေးလိမ္မာလေး၏ မီးကွင်းများ ခုန်ပြမှုကလည်း ပရိသတ်အား အကြိုက်တွေ့စေသည်။ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

သက်တမ်း ၅၂နှစ်ရှိ ဆင်မကြီး မိုမိုကလည်း ကျွန်တော့်မမပုသိမ်သူ သီချင်းဖြင့် ဦးရွှေရိုးအက ဤသို့ကပြခဲ့သည်။ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

7-2 (10) 1 2/7/07, 2:04 PM

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများနှင့်အညီ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးရည်ရွယ် မြို့နယ်၌တာဝန်ထမ်းမည့်သူများ လေ့ကျင့်ပေးရေးသင်တန်းဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၆

ဒေသဖွံ့ဖြိုးရေး အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅)သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အုန်းတောခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက် အမှာစကားပြောကြားသည်။ (အောက်ပုံ)

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် ယခုသင်တန်းကို မျိုးချစ်စိတ်ဓာတ် ရှင်သန်ဖွံ့ဖြိုးရေး၊ ဒို့တာဝန်အရေး(၃)ပါး ခံယူကျင့်သုံးရေး၊ ခေါင်းဆောင်မှုနှင့် အုပ်ချုပ်မှုစွမ်းရည် မြင့်မားရေး၊ ပြောင်းလဲလာသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများနှင့်အညီ လိုက်လျောညီထွေစွာ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးတို့အတွက် ရည်ရွယ်၍ မြို့နယ်များ၌ တာဝန်ထမ်းဆောင်မည့်သူများကို လေ့ကျင့်ပညာပေးရန် ဖွင့်လှစ်သည့် သင်တန်းဖြစ်ကြောင်း၊ နယ်စပ်ဒေသများ တိုးတက်ဖွံ့ဖြိုးရန် ကြိုးစားဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ထိုဒေသတွင် နေထိုင်ကြသည့် တိုင်းရင်းသားမျိုးနွယ်စု အသီးသီး၏ ဘာသာစကားနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကိုလည်း လေ့လာပြီး လိုက်နာနေထိုင်သွားကြရန် လိုအပ်ကြောင်း၊ ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ပြီး မိမိတို့၏ အသိပညာ၊ အတွေးအခေါ်၊ ဗဟုသုတများ တိုးပွားစေရန် သင်တန်းမှ လေ့ကျင့်မှာကြားချက်များကို ဂရုတစိုက် လေ့လာသင်ယူ မှတ်သားသွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းကို နယ်စပ်ဒေသ ပုံမှန်အုပ်ချုပ်ရေးစနစ်ထူထောင်ရေး ကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသား ၃၆၁ ဦး တက်ရောက်၍ သင်တန်းကာလမှာ ရက်သတ္တ ခြောက်ပတ် ကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၇-၂-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅း၁၀ ၆။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၅း၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ မိုးလေဝသသတင်း
- ၆း၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆း၃၅ ၁၄။ လှုပ်လှုပ်ရှားရှား ပုံရိပ်များ
- ၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြစ်တစ်စင်းရဲ့သံစဉ်"** (အပိုင်း-၁၈)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ English Usage
- ၁၉။ ဗွီစီဒီကျော်ကြားတေးများ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဝေဟင်ချစ်သူ"** (အပိုင်း-၃)

နှစ်ဖက်သော မိဘများကို အမှူးထား၍ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊(၃)ရပ်ကွက် ပိတောက်ရိပ်ငြိမ် အမှတ် (၁/၁၀) နေ ကိုကျော်လွင်ဦး-မထွေးထွေးပြုံး မင်္ဂလာဦး အလှူအဖြစ် ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို မင်းကွန်းအနုနာယကဆရာတော် ဘဒ္ဒန္တ ဝိနယထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်း ဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် ပဲခူးတိုင်းအတွင်း ဆက်သွယ်ရေးစခန်းများစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၆

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းက ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် အော်တိုတယ်လီဖုန်းအိတ်ချိန်းသို့ရောက်ရှိ ကြည့်ရှုစစ်ဆေးရာ ဝန်ကြီးအား တာဝန်ရှိသူများက လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ပဲနွယ်ကုန်း၊ ကညွတ်ကွင်းနှင့် ဖြူးမြို့များရှိ အော်တိုအိတ်ချိန်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဝန်ကြီးသည် တောင်ငူမြို့ အော်တိုတယ်လီဖုန်းအိတ်ချိန်းနှင့် ဂျီအက်စ်အမ်မိုဘိုင်းတယ်လီဖုန်းစခန်းများကို ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ရန်လို အဆင်ပြေချောမွေ့မြန်ဆန်အောင် ဆောင်ရွက်ပေး

နေပြည်တော် ဖေဖော်ဝါရီ ၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၉နာရီက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ရီ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်တိုင်းဦးစီးဌာနမှူးများ၊ အထူးခရိုင်ဦးစီးဌာနမှူးများ၊ ခရိုင်ဦးစီးဌာနမှူးများနှင့် အထူးဖိတ်ကြားထားသည့် ပြည်နယ်၊ တိုင်းအသီးသီးမှ မြို့နယ်ဦးစီးဌာနမှူးများ တက်ရောက်ကြသည်။

မှာကြား

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားရာတွင် ယနေ့ နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်ကို ခေတ်မီ ဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံအဖြစ် တည်ဆောက်လျက်ရှိကြောင်း၊ အထူးသဖြင့်ဝန်ထမ်းအားလုံး လာဘ်ပေးလာဘ်ယူ ကင်းရှင်းသည့် ဝန်ထမ်းများဖြစ်ရန်၊ ဝန်ထမ်းကျင့်ဝတ်စည်းကမ်းများကိုတိတိကျကျ လေးလေးစားစား လိုက်နာကြရန်လိုကြောင်း၊ ယင်းအချက်ကို အောက်ခြေဝန်ထမ်းများအထိ ရှင်းရှင်းလင်းလင်းသိရှိနားလည်စေလို၍ ယခု အစည်းအဝေးသို့ မြို့နယ်ဦးစီးဌာနမှူးများ အဆင့်အထိ ဖိတ်ကြားတက်ရောက်စေခြင်း ဖြစ်ကြောင်း၊ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့်မြို့နယ်ဦးစီးဌာနမှူးများသည် မိမိကိုယ်တိုင်နှင့် လက်အောက်ဝန်ထမ်းများအား စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်၊ စည်းကမ်းနှင့် စွမ်းရည်ပြည့်ဝသည့် ဝန်ထမ်းကောင်းများဖြစ်စေရန် ကျင့်ကြံကြိုးစားလိုက်နာကြရန် လိုအပ်ကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်ရန်လိုအပ်သကဲ့သို့ အဆင်ပြေချောမွေ့မြန်ဆန်အောင် စိတ်ရင်းစေတနာဖြင့် ဆောင်ရွက်ပေးရန်လည်း လိုအပ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကိုလည်း ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေး ညှိနှိုင်းကြရန်ဖြစ်ကြောင်း မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးများက မိမိနယ်မြေဒေသအလိုက် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်မှုအခြေအနေ၊ နယ်စပ်ဒေသ လူဝင်လူထွက် ကြီးကြပ်မှုနှင့် အခွန်ငွေကောက်ခံရရှိမှုအခြေအနေ၊ ပြည်သူ့အင်အားလုပ်ငန်းများဖြစ်သည့် မြေပုံရေးဆွဲခြင်း လုပ်ငန်းနှင့် စစ်တမ်းကောက်ယူမှုအခြေအနေ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ဖြည့်ဆည်း မှာကြားပြီး ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်များကို ဦးစီးဌာနအလိုက် တာဝန်ပေးအပ်သည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၃ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၄၃) ရပ်ကွက် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲ၏ ၂၀၀၆-၂၀၀၇ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲ အခမ်းအနားကို အရိယာဝံသ ရပ်ကွက် ဓမ္မာရုံတွင် ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ညွန့် အမှာစကား ပြောကြားစဉ်။ (၄၀၀)

ချစ်ကြည်ရေးပွဲ အူလ်ဆန်တက္ကသိုလ်က စီးပွား/ကူးသန်းကို အနိုင်ရရှိ ပေကျင်းအိုလံပစ်ခြေစစ်ပွဲ မြန်မာနှင့် အိန္ဒိယ ယနေ့ယှဉ်ပြိုင်မည်

သတင်းဆောင်းပါး - ကိုထွေး၊ ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေးအစီအစဉ်အရ မြန်မာနိုင်ငံမှ စီးပွား/ကူးသန်းဘောလုံးအသင်းနှင့် ကိုရီးယားသမ္မတနိုင်ငံမှ အူလ်ဆန်တက္ကသိုလ် ဘောလုံးအသင်းတို့၏ ချစ်ကြည်ရေးခြေစမ်းဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားရာ အူလ်ဆန်တက္ကသိုလ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အူလ်ဆန်တက္ကသိုလ်အသင်းသည် ပထမပွဲစဉ်၌ ဘဏ္ဍာ/အခွန်အသင်းကို ဂိုးမရှိသရေနှင့် ကျေနပ်ခဲ့ရသဖြင့် ယနေ့ပွဲစဉ်၌ အနိုင်ရရှိရေး ခြေကုန်ထုတ်ကစားသွားသည်။ အူလ်ဆန်တက္ကသိုလ်အသင်းက ပထမပိုင်း၌ ဂိုးသွင်းခွင့် ငါးကြိမ်ရရှိရာ တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ အူလ်ဆန်တက္ကသိုလ်အသင်း ကွင်းတစ်ဝက် ဖိကစားနိုင်သော်လည်း အဆုံးသတ်မသေချာ၍ ဂိုးအရနည်းခဲ့ခြင်းဖြစ်သည်။ အူလ်ဆန်တက္ကသိုလ်အသင်းအတွက် ဦးဆောင်ဂိုးကို ပထမပိုင်း ပြီးခါနီး ပွဲချိန် ၄၅ မိနစ်တွင် ကျောနံပါတ်(၂၃)Han Wook က ပယ်နယ်တီဧရိယာအတွင်းမှ ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။

စီးပွား/ကူးသန်း အသင်း အုပ်ချုပ်သူ ဦးမြင့်သိန်း ရှင်းလင်းပြောကြားစဉ်။
ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ချေပဂိုးရရှိ

ဒုတိယပိုင်းတွင် စီးပွား/ကူးသန်းအသင်းက ကစားသမား သုံးဦးလဲကာ ချေပဂိုးရရှိရေး တင်ကစားလာခဲ့သည်။ ဒုတိယပိုင်းပြန်စပြီးမကြာမီ ပွဲချိန် မိနစ် ၅၀တွင် အောင်ရဲထွဋ် အလွတ်တည် ကန်ဘောမှ ကန်ပို့ပေးသည့်ဘောလုံးကို အသင်းခေါင်းဆောင် မင်းသူက ခေါင်းတိုက်သွင်းယူနိုင်သဖြင့် စီးပွား/ကူးသန်းအသင်း ချေပဂိုးရရှိခဲ့သည်။ စီးပွား/ကူးသန်းအသင်း ချေပဂိုးသွင်းယူပြီးနောက် အူလ်ဆန်တက္ကသိုလ်အသင်းက လူစားများလဲလှယ်ကာ ကစားရှိန်မြှင့်တင်လာရာ အကြိတ်အနယ်ရှိပြီး ပွဲကောင်းလာသည်။

မျက်နှာပန်းလှ

စီးပွား/ကူးသန်းအသင်းက ဂိုးထပ်မပေးရရေး ကြိုးစားသော်လည်း နောက်တန်းလူနှင့် ဂိုးသမားတို့ နားလည်မှုလွဲရာမှ မမျှော်လင့်ဘဲ ဂိုးထပ်ပေးလိုက်ရသည်။ အူလ်ဆန် တက္ကသိုလ်အသင်းအတွက် ဒုတိယဂိုးနှင့်အနိုင်ဂိုးကိုပွဲချိန် ၈၄ မိနစ်တွင် ကျောနံပါတ်(၁၉)An Young Jrnက ဂိုးသမား သီဟစည်သူနှင့် ယှဉ်ခုန်ရင်း ခေါင်းတိုက်သွင်းယူခြင်းဖြစ်သည်။ စီးပွား/ကူးသန်းအသင်းကချေပဂိုးရရှိရေး ထပ်မံကြိုးစားသော်လည်း အူလ်ဆန်တက္ကသိုလ်အသင်းက ကစားရှိန်မချဘဲ ကစားသွား၍ အရာမထင်ဘဲဖြစ်ခဲ့ရသည်။ ပွဲအပြီးတွင် အူလ်ဆန်တက္ကသိုလ်အသင်းက နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိသွားရာ နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် အိမ်အပြန်မျက်နှာပန်းလှသွားသည်။

ယနေ့ပွဲစဉ်တွင် စီးပွား/ကူးသန်းအသင်းမှ မျိုးလှိုင်ဦးနှင့် အောင်အောင်ဟိန်းတို့ အဝါကတ်ပြခံရသည်။ အူလ်ဆန်တက္ကသိုလ်အသင်းက အားကစားသမားခြောက်ဦးလူစားလဲကစားသည်။ ကွင်းလယ်ဒိုင်လူကြီးအဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အပြည်ပြည်ဆိုင်ရာဒိုင်လူကြီးဦးစိုးမိုးကျော်က တာဝန်ယူဆောင်ရွက်သည်။

ပါဝင်ကစား

စီးပွား/ကူးသန်းဘောလုံးအသင်းတွင် **(ဂိုး)**တင်ယု (သီဟစည်သူ)၊ **(နောက်တန်း)** ဇော်လင်းထွန်း(ဂျေရဲနိုင်)၊ မင်းသူ(အသင်းခေါင်းဆောင်)၊ ချမ်းချမ်း(မန်းကျော်ထူး)၊ မင်းကိုကို၊ **(အလယ်တန်း)**အောင်ရဲထွဋ်(ဇော်ဇော်အောင်)၊ ကျော်ဇင်ဝင်း၊ တင်မင်းထွန်း(ဝင်းသိန်းဦး)၊ ဇော်ခါး၊ **(ရှေ့တန်း)** မျိုးလှိုင်ဦး(ဟိန်းဇာထွန်း)၊ စထက်နိုင်ဝင်း(အောင်အောင်ဟိန်း)တို့ ပါဝင်ကစားခဲ့ကြသည်။

ပွဲအပြီးတွင် စီးပွား/ကူးသန်းအသင်းမှ တာဝန်ရှိသူများအား ယနေ့ပွဲစဉ်နှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။ ရှေးဦးစွာ အုပ်ချုပ်သူ ဦးမြင့်သိန်းက ပြောကြားရာ "ယနေ့ပွဲစဉ်မှာ မိမိတို့အသင်း သရေရသင့်ပါကြောင်း၊ နောက်တန်းနှင့် ဂိုးသမားနားလည်မှုလွဲပြီး တစ်ချက်အမှားမှ ဒုတိယဂိုးပေးလိုက်ရခြင်း ဖြစ်ကြောင်း၊ အူလ်ဆန်တက္ကသိုလ်အသင်း ယနေ့ပွဲ၌ ပို၍အားထည့်ကစားသွားကြောင်း၊ နိုင်ငံတကာပွဲမကစားဖူးသည့် လူငယ်များကို ပွဲထုတ်ကစားနိုင်၍ လူငယ်များအတွေ့အကြုံရပါကြောင်း၊ မိမိတို့ထက်ကြံ့ခိုင်မှုနှင့် ဘောလုံးပညာပိုကောင်းသည့်အသင်းနှင့်ကစားရသဖြင့် စာတွေ့မဟုတ်ဘဲ လက်တွေ့ပိုင်း ပွဲအတွေ့အကြုံရသဖြင့် အကျိုးများပါကြောင်း၊ ရလဒ်အပေါ်ကျေနပ်ပါကြောင်း" ပြောကြားသည်။

ပီတိဖြစ်ရ

ဆက်လက်၍ နည်းပြချုပ် ဦးဉာဏ်ဝင်းက ပြောကြားရာ "မိမိတို့အသင်းရှိသည့်လူအင်အားဖြင့်အကောင်းဆုံးကြိုးစားကစားခဲ့ပါကြောင်း၊ အူလ်ဆန်တက္ကသိုလ်အသင်းအနေဖြင့်ဒုတိယပွဲကို ပို၍အားထည့်ကစားသွားကြောင်း၊ ယနေ့ပွဲရလဒ်ကို ကျေနပ်ပါကြောင်း၊ ဒုတိယဂိုးပေးလိုက်ရသည်မှာ မိမိတို့အမှားကြောင့်ဖြစ်ကြောင်း၊ မိမိတို့ကစားသမားများ ကစားသွားမှုအပေါ်ကျေနပ်ပါကြောင်း၊ မိမိတို့ အသင်းရရှိသည့် တစ်ဂိုးမှာ ထိုက်ထိုက်တန်တန်ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ကိုရီးယားအသင်း တစ်သင်းကို ဂိုးသွင်းနိုင်ခြင်းကြောင့် ပီတိဖြစ်ရပါကြောင်း၊ အထူးသဖြင့် Set Play မှ တစ်ဆင့်သွင်းယူနိုင်ခြင်းအတွက် ဝမ်းသာပျော်ရွှင်မိပါကြောင်း" ပြောကြားသည်။

အာရှဇုန်ခြေစစ်ပွဲ

ဖေဖော်ဝါရီ ၇ ရက် **(ယနေ့)** ညနေ၃နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ပေကျင်းအိုလံပစ် အမျိုးသားဘောလုံးပြိုင်ပွဲအာရှဇုန် ခြေစစ်ပွဲပထမအဆင့်ပွဲစဉ်အဖြစ် မြန်မာ(ယူ-၂၃) အသင်းနှင့် အိန္ဒိယ (ယူ-၂၃)အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ပေကျင်းအိုလံပစ်ခြေစစ်ပွဲ ယှဉ်ပြိုင်ကစားမည့် အိန္ဒိယ(ယူ-၂၃) ဘောလုံးအသင်းသည် ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲပိုင်းက မြန်မာနိုင်ငံသို့ ရောက်ရှိလာသည်။ အဖွဲ့ခေါင်းဆောင်အဖြစ် Antonio Marcos Pacheco ဦးဆောင်သော အိန္ဒိယအိုလံပစ်(ယူ-၂၃) ဘောလုံးအသင်းတွင် အုပ်ချုပ်သူနှင့် နည်းပြအဖွဲ့ဝင် ခုနစ်ဦး၊ အားကစားသမား ၂၀ စုစုပေါင်း အဖွဲ့ဝင် ၂၇ ဦး လိုက်ပါလာသည်။

အူလ်ဆန်တက္ကသိုလ်အသင်းနှင့် စီးပွား/ကူးသန်းအသင်းတို့ ပွဲစဉ်တွင် ဤသို့အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

တာဝန်ယူဆောင်ရွက်

ပေကျင်း အိုလံပစ်ခြေစစ်ပွဲအဖြစ် အိန္ဒိယအိုလံပစ်(ယူ-၂၃)အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် မြန်မာအိုလံပစ်(ယူ-၂၃)အသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးတင်ဟန်၊ နည်းပြချုပ် အဖြစ် ဦးဆန်းဝင်း၊ လက်ထောက်နည်းပြများအဖြစ် ဦးကြည်လွင်နှင့် ဦးစိုးမိုး၊ ဂိုးနည်းပြအဖြစ် ဦးမျိုးချစ်တို့က တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်သည်။

အားကစားသမားများအဖြစ် **(ဂိုး)** ကျော်ဇင်ထက်၊ ဟိန်းကျော်သူ၊ **(နောက်တန်း)**ခင်မောင်လွင်၊ အောင်ဇော်မျိုး၊ ဇော်ထက်အောင်၊ ထူးကျော်၊ မိုးဝင်း၊ အေးဆန်း၊ ဟန်ဝင်းအောင်၊ **(အလယ်တန်း)**စိုးသီဟအောင်၊ အောင်မျိုးသန့်၊ ခင်မောင်ထွန်း၊ ရာဇာဝင်းသိန်း၊ မျိုးမင်းထွန်း၊ **(ရှေ့တန်း)** အောင်မြင့်အေး၊ ကျော်သီဟ၊ စည်သူဝင်း၊ လှအေးထွေးတို့ ပါဝင်ကြသည်။

ဒုတိယအကျော့

ယနေ့ယှဉ်ပြိုင်ကစားမည့် မြန်မာ(ယူ-၂၃)အသင်းနှင့် အိန္ဒိယ(ယူ-၂၃)အသင်းတို့၏ပွဲစဉ်ကို စင်ကာပူမှ ဒိုင်လူကြီးလေးဦးနှင့် မလေးရှားမှ ဒိုင်လူကြီးတစ်ဦးတို့ တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်သည်။ မလေးရှားမှ ဒိုင်လူကြီးသည် ဒိုင်လူကြီး ကြီးကြပ်သူအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။ အဆိုပါဒိုင်လူကြီးများကိုအာရှဘောလုံးအဖွဲ့ချုပ်(AFC)မှ တာဝန်ပေးအပ်ထားခြင်းဖြစ်ပြီး ပထမအကျော့ပွဲစဉ်အတွက်သာဖြစ်ကြောင်းသိရသည်။

မြန်မာ(ယူ-၂၃)အသင်းနှင့်အိန္ဒိယ(ယူ-၂၃)အသင်းတို့၏ဒုတိယအကျော့ပွဲစဉ်ကို အိန္ဒိယနိုင်ငံ Kolkataမြို့တွင် ဖေဖော်ဝါရီ ၁၄ ရက်၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအိုလံပစ်(ယူ-၂၃)အသင်းသည် အိန္ဒိယအိုလံပစ်(ယူ-၂၃)အသင်းကို ကျော်ဖြတ်နိုင်ပါက ဒုတိယအဆင့်ခြေစစ်ပွဲစဉ်အဖြစ် အီရတ်၊ မြောက်ကိုရီးယား၊ တာမင်နစ္စတန် သို့မဟုတ် ထိုင်းအသင်းတို့နှင့် အိမ်ကွင်း၊ အဝေးကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပြန်လည်ပါဝင်လာ

ပေကျင်းအိုလံပစ်ခြေစစ်ပွဲယှဉ်ပြိုင်ကစားမည့် မြန်မာအိုလံပစ်(ယူ-၂၃)အသင်းအတွက် ဆန်ခါတင်အားကစားသမား ၁၈ ဦး ရွေးချယ်ခဲ့ရာတွင် ပြီးခဲ့သည့် အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲဝင်မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းမှ အားကစားသမား ၁၄ ဦး ပြန်လည်ပါဝင်လာသည်။ အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲအပြီးတွင် ပဏာမမြန်မာ(ယူ-၂၃)အသင်းကို အားကစားသမား ၃၄ ဦးဖြင့် စခန်းသွင်းလေ့ကျင့်မှုပြုလုပ်ခဲ့ပြီး ပထမအဆင့် ၂၅ ဦးကို ဇန်နဝါရီ ၂၆ ရက်တွင် နှစ်ဖက်ခွဲခြေစမ်းကစားပြီး ရွေးချယ်ခဲ့သည်။ ဖေဖော်ဝါရီ ၁ ရက်တွင် ပဏာမလက်ရွေးစင် ၂၅ ဦးကို နှစ်ဖက်ခွဲ၍ ခြေစမ်းကစားစေပြီး ဆန်ခါတင် ၁၈ဦးရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

အိန္ဒိယအိုလံပစ်(ယူ-၂၃)အသင်းတွင် အိန္ဒိယနိုင်ငံမှ နာမည်ကြီးကလပ်အသင်းများဖြစ်ကြသော မိုဟမ်ဘေဂမ်နှင့် အရှေ့ဘင်ဂေါကလပ်အသင်းတို့မှ အားကစားသမားအချို့ပါဝင်လာကြောင်း သိရသည်။ အိန္ဒိယအိုလံပစ်(ယူ-၂၃) အသင်းမှ နည်းပြဖြစ်သူ ဘော်ဘီဟောက်တန်(အင်္ဂလန်)သည် ဆေးကုသမှုခံယူရန် ခွင့်ရက်ရှည်ယူထားသဖြင့် လိုက်ပါလာနိုင်ခြင်း မရှိချေ။ အိန္ဒိယဘောလုံးအဖွဲ့ချုပ်(AIFF) ဥက္ကဋ္ဌ ပီအာအက်မန်ရှီးက အိန္ဒိယအိုလံပစ်(ယူ-၂၃)အသင်း အာရှဇုန်ခြေစစ်ပွဲစဉ်များ၌ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အစဉ်အလာကောင်း

မြန်မာအိုလံပစ်(ယူ-၂၃)အသင်းနှင့် အိန္ဒိယအိုလံပစ်(ယူ-၂၃)အသင်းတို့၏ ယနေ့ပွဲစဉ်အတွက် ကွင်းဝင်ကြေးအဖြစ် အထူးတန်း ကျပ် ၂၀၀၀၊ ရိုးရိုးတန်း ကျပ် ၁၀၀၀ သတ်မှတ်ထားသည်။ မြန်မာအိုလံပစ်ဘောလုံးအသင်းသည် ၁၉၇၂ ခုနှစ် ဂျာမနီနိုင်ငံ၌ ကျင်းပသည့် မြူးနစ်အိုလံပစ်အမျိုးသားဘောလုံးပြိုင်ပွဲတွင် အသန့်ရှင်းဆုံးအသင်းဆု ရရှိခဲ့ဖူးပြီး အစဉ်အလာကောင်းရှိထားသည်။ ထိုစဉ်ကလည်း အိုလံပစ်ခြေစစ်ပွဲအာရှဇုန်ခြေစစ်ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ရာ မြန်မာအသင်းက ထိုင်းအသင်းကို ခုနစ်ဂိုး-ဂိုးမရှိ၊ အိန္ဒိယအသင်းကို လေးဂိုး-သုံးဂိုး၊ သီရိလင်္ကာအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

တစ်ခဲနက်အားပေး

မြန်မာအိုလံပစ်(ယူ-၂၃)အသင်းနှင့် အိန္ဒိယအိုလံပစ်(ယူ-၂၃)အသင်းတို့၏ အိုလံပစ်ခြေစစ်ပွဲစဉ်သည် မြန်မာ့ဘောလုံးသမိုင်း၌ ထူးခြားသည့် ပြိုင်ပွဲတစ်ခုဖြစ်ရာ မြန်မာအသင်းအောင်မြင်မှုအတွက် မြန်မာ့ဘောလုံး ဝါသနာရှင်များတစ်ခဲနက်အားပေးကြရမည် ဖြစ်ပါကြောင်း ကြိုတင်သတင်းစကားပါးဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

အူလ်ဆန်တက္ကသိုလ်အသင်းနှင့် စီးပွား/ကူးသန်းအသင်းတို့ ချစ်ကြည်ရေးခြေစမ်းပွဲမစတင်မီ နှစ်ဖက်အသင်းမှ အားကစားသမားများအား ဤသို့တွေ့ရသည်။ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

7-2 (12) 1 2/7/07, 2:04 PM

ကမ္ဘာတစ်လွှား အားကစား

အင်တာမီလန် တိုက်စစ်မှူး ဆွီဒင်ကြယ်ပွင့် အီဘရာဟင်မိုဗစ်

လန်ဒန် ဖေဖော်ဝါရီ ၆

အီတလီစီးရီးအေတွင် အင်တာမီလန်အသင်းကို နှစ်နှစ်ဆက်တိုက် စီးရီးအေဖလားကိုရယူပေးမည့် သူရဲကောင်းမှာ တိုက်စစ်မှူး အီဘရာဟင်မိုဗစ်ပင် ဖြစ်သည်။ ဥရောပဘောလုံးလောကတွင် အစဉ်အလာရှိသော ဆွီဒင်ဘောလုံးသမားများ အနက် အလင်းလက်ဆုံး ကြယ်ပွင့်ဖြစ်လာသည့် အီဘရာဟင်မိုဗစ်၏ ဘောလုံးဘဝ မှတ်တမ်းကို စေ့ငုလိုက်သောအခါ ...

အီဘရာဟင်မိုဗစ်ကို ဆွီဒင်နိုင်ငံတွင် ၁၉၈၁ခုနှစ် အောက်တိုဘာ ၃ရက်က မွေးဖွားခဲ့သည်။ ငယ်စဉ်က ပညာရေးထက် ဘောလုံးကစားခြင်းကိုသာ ခုံမင်ခဲ့သူဖြစ်ပြီး အချိန်တိုင်းနီးပါး ဘောလုံးကွင်းထဲ၌သာ ရှိနေတတ်သူဖြစ်သည်။

အသက်(၁၄)နှစ်တွင် အေဂျက် လူငယ်ကလပ်အသင်းသို့ ရောက်ရှိလာပြီးနောက် ခြေစွမ်းပြကစားနိုင်မှုနှင့် ဂိုးသွင်း ပြောင်မြောက်သူ ဖြစ်သဖြင့် ဒတ်ချ်ကလပ်အေဂျက်အသင်းကြီးသို့ ထည့်သွင်းကစားခြင်း ခံခဲ့ရသည်။ အေဂျက် အသင်းအတွက် ၂၀၀၁-၂၀၀၂ယူအီးအက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲနှင့် ပြည်တွင်းလိဂ် ဖလားဘောလုံးပြိုင်ပွဲ ၁၀ပွဲကစားပေးခဲ့ပြီး စုစုပေါင်း ၁၄ဂိုး သွင်းပေးနိုင်ခဲ့သည်။

၂၀၀၁-၂၀၀၂ခုနှစ်မှာပင် ဆွီဒင်ဘောလုံးအသင်း လက်ရွေးစင် ဖြစ်လာပြီး တိုက်စစ်ကို လက်ရှိမန်ယူ၌ကစားနေသော လာဆင်နှင့်အတူ အတွဲမိမိ ကစားနိုင်ခဲ့သူလည်း ဖြစ်သည်။ ဆွီဒင်အသင်းအတွက် ၂၀၀၂-၂၀၀၃ဘောလုံးရာသီတွင် နိုင်ငံတကာ ချစ်ကြည်ရေးဘောလုံးပွဲ တစ်ပွဲသာ ကစားပေးနိုင်ခဲ့သော်လည်း တစ်ဂိုးသွင်းပေးနိုင်ခဲ့သည်။ သို့သော် ဒတ်ချ်ပြည်တွင်းလိဂ်၌ အေဂျက်အတွက် ၂၁ပွဲကစားပေးပြီး ၂၃ဂိုးသွင်းယူနိုင်ခဲ့ရာ ဂိုးအများဆုံးသွင်းနိုင်သူအဖြစ်လည်း ရပ်တည်နိုင်ခဲ့သည်။

အာရုံစိုက်

အရပ် ခြောက်ပေကျော်မြင့်သော အီဘရာဟင်မိုဗစ်သည် တစ်ဖက်နောက်တန်းကို ဖြတ်ကျော်ရာတွင် လျင်မြန်သူဖြစ်ပြီး ခြေအနုတ်အသိမ်းလည်း မြန်ဆန်လွန်းသည်ဖြစ်ရာ တစ်ဖက်ခံစစ်မှူးများအတွက် အန္တရာယ်ရှိသော ကမ္ဘာ့အကောင်းဆုံး တိုက်စစ်မှူး အဖြစ်သို့ ရောက်ရှိလာသလို ဥရောပကလပ်များကလည်း အာရုံစိုက်လာခဲ့ကြသည်။

သို့သော် အေဂျက်အသင်း၌သာ ပျော်ပိုက်နေသော အီဘရာဟင်မိုဗစ်သည် ၂၀၀၃-၂၀၀၄ ဘောလုံးရာသီတွင်လည်း ဒတ်ချ်ကလပ်အေဂျက်အသင်း၌သာ ဆက်လက် ကစားခဲ့ပြီး အေဂျက်အသင်းအတွက် ဒတ်ချ်လိဂ်တွင် ၁၆ပွဲ ကစားပေးခဲ့ရာ ၁၃ဂိုး သွင်းယူနိုင်ခဲ့ပြန်သည်။

ရောက်ရှိ

ထိုနှစ်တွင် ဆွီဒင်ဘောလုံးအသင်းအတွက် ချစ်ကြည်ရေးဘောလုံးပွဲတစ်ပွဲနှင့် ယူရိုခြေစစ်ပွဲနှစ်ပွဲ ကစားပေးခဲ့ပြီး စုစုပေါင်း လေးဂိုးသွင်းယူပေးနိုင်ခဲ့ရာ အီတလီ စီးရီးအေကလပ် ဖြစ်သည့် ဂျူဗင်တပ်စ်အသင်းက ရအောင်ခေါ်ယူလိုက်ရာ ၂၀၀၄-၂၀၀၅ ဘောလုံးရာသီတွင် ဂျူဗင်တပ်စ်အသင်းသို့ အီဘရာဟင်မိုဗစ် ရောက်ရှိလာခဲ့သည်။

ဂျူဗင်တပ်စ်သို့ ပြောင်းရွှေ့ရောက်ရှိလာသော အီဘရာဟင်မိုဗစ်သည် ၂၀၀၄-၂၀၀၅ဘောလုံးရာသီ၌ ဂျူဗင်တပ်စ်အတွက် ၃၁ပွဲ ကစားပေးခဲ့ပြီး ၁၆ဂိုးသွင်းယူနိုင်ခဲ့သည်။ အီတလီစီးရီးအေတွင် ယခင်နှစ်က စတုတ္ထနေရာမှ တတိယနေရာသို့ ရောက်ရှိအောင် ပို့ဆောင်နိုင်ခဲ့သည်။

အင်တာမီလန် တိုက်စစ်မှူး အီဘရာဟင်မိုဗစ်။ (ဓာတ်ပုံ-အင်တာနက်)

အီတလီနိုင်ငံ မီလန်မြို့တွင် ဈေးဝယ်ထွက်ခဲ့သော အီဘရာဟင်မိုဗစ်၏ ဟန်ပန်။
(ဓာတ်ပုံ-အင်တာနက်)

သွင်းယူနိုင်

ထိုနှစ်မှာပင် မိခင်ဆွီဒင်အသင်းအတွက် နိုင်ငံတကာ ချစ်ကြည်ရေးပွဲနှစ်ပွဲကစားပေးခဲ့ပြီး နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သလို ယူရို၂၀၀၄တွင်လည်း ဆွီဒင်အသင်းအတွက် လေးပွဲကစားပြီး နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ၂၀၀၄- ၂၀၀၅ ဘောလုံးရာသီတွင် အီဘရာဟင်မိုဗစ် စုစုပေါင်း ၄၉ပွဲ ကစားပေးခဲ့ပြီး ၂၃ဂိုး သွင်းယူနိုင်ခဲ့ရာ နှစ်ပွဲ တစ်ဂိုးနှုန်းသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ထိုသို့အီဘရာဟင်မိုဗစ်၏ ဂိုးသွင်းစွမ်းရည်ထက်မြက်မှုကို သဘောကျသော အင်္ဂလိပ်ပရီမီယာလိဂ်အသင်းကြီးများဖြစ်သည့် ချယ်လ်ဆီး၊ မန်ယူနှင့် အာဆင်နယ်အသင်းတို့က ကမ်းလှမ်းခဲ့သော်လည်း ဂျူဗင်တပ်စ်၌သာ ဆက်လက်ကစားရန် ဆုံးဖြတ်ခဲ့ပြီး ဂျူဗင်တပ်စ်အသင်းတွင်သာ ကစားခဲ့သည်။

သုံးဂိုးသွင်း

၂၀၀၅-၂၀၀၆ဘောလုံးရာသီတွင် ဒဏ်ရာရရှိမှု များပြားနေသဖြင့် ဂျူဗင်တပ်အတွက် ပွဲတိုင်းမကစားနိုင်ခဲ့သလို စီးရီးအေတွင် စုစုပေါင်း ခုနစ်ဂိုးသာ သွင်းယူပေးနိုင်ခဲ့သည်။ ဂျူဗင်တပ်စ်အတွက် ချန်ပီယံလိဂ် ကိုးပွဲ ကစားခဲ့ပေးပြီး သုံးဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဒဏ်ရာများနှင့် လုံးထွေးနေရသော အီဘရာဟင်မိုဗစ်အား ၂၀၀၆-၂၀၀၇ဘောလုံးရာသီတွင် အင်တာမီလန်အသင်းက ရအောင်ခေါ်ယူခဲ့ရာ အင်တာမီလန်သို့ ရောက်ရှိခဲ့ပြန်သည်။ အင်တာမီလန်တွင် ကြံ့ခိုင်မှုပြည့်ဝရန် ကြိုးစားခဲ့ပြီး နောက်ပိုင်းအီတလီစီးရီးအေတွင် အင်တာမီလန်အတွက် ၁၇ပွဲ ကစားပေးခဲ့ပြီး ၁၀ဂိုး သွင်းယူပေးထားခဲ့သလို ချန်ပီယံလိဂ်တွင် ငါးပွဲကစားပေးနိုင်ခဲ့သည်။

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ

၂၀၀၆ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဆွီဒင်အသင်းအတွက် လေးပွဲ ပါဝင်ကစားပေးခဲ့ပြီး အဓိကတိုက်စစ်မှူးတာဝန်ကို ထူးချွန်စွာ ကစားနိုင်ခဲ့သည်။ ဆွီဒင်အသင်းအတွက် ဂိုးအများဆုံး သွင်းယူပေးနိုင်ခဲ့သောပွဲမှာ မော်လတာအသင်းနှင့် ပွဲဖြစ်ပြီး ဆွီဒင်တို့ ခုနစ်ဂိုး-ဂိုးမရှိနိုင်ခဲ့သည့်ပွဲတွင် အီဘရာဟင်မိုဗစ် တစ်ဦးတည်း လေးဂိုးရအောင် သွင်းယူပေးနိုင်ခဲ့ခြင်း ဖြစ်သည်။ထိုနှစ်က မိခင်ဆွီဒင်အသင်းအတွက် ကိုးပွဲကစားပေးခဲ့ပြီး ရှစ်ဂိုး သွင်းယူနိုင်ခဲ့သည်။

ကြိုးစား

လက်ရှိအချိန်တွင် အင်တာမီလန်၌ တစ်ဦးတည်း ၁၀ဂိုးသွင်းထားပြီး ဂိုးအများဆုံးသွင်းထားနိုင်သူအဖြစ် ရပ်တည်နေသူဖြစ်သည်။ ထို့အတူ အင်တာမီလန်အသင်းကိုလည်း စီးရီးအေ၌ ထိပ်ဆုံးနေရာသို့ရောက်အောင် ပို့ဆောင်ထားပြီး လက်ရှိ စီးရီးအေချန်ပီယံဖလားကို ဆက်လက် သိမ်းပိုက်ရန် ဦးဆောင်ကြိုးစားနေသူလည်း ဖြစ်သည်။

ဆန္ဒပြင်းပြ

အီဘရာဟင်မိုဗစ်၏ တိုက်စစ်မှူး ဘဝသက်တမ်းတစ်လျှောက် အနိုင်ကတ် အပြမခံခဲ့ရသော်လည်း ယခုနှစ် အင်တာမီလန်သို့ ရောက်ရှိလာချိန်၌ အင်တာမီလန်ကို ချန်ပီယံဖြစ်ရေး ဆန္ဒပြင်းပြမှုဖြင့် တွန်းတွန်းတိုက်တိုက် ကစားခဲ့ရာမှ အနီကတ်နှစ်ကြိမ်အပြခံခဲ့ရသည်မှာလည်း မှတ်မှတ်ရရပင် ဖြစ်ခဲ့သည်။

ကမ်းလှမ်း

ယခုအခါ အီဘရာဟင်မိုဗစ်၏ ဂိုးသွင်းစွမ်းရည်ကို သဘောကျနေသော ပရီမီယာလိဂ်အသင်းကြီးများနှင့် စပိန်ကလပ်အသင်းကြီးများဖြစ်သော ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့ကလည်း ကမ်းလှမ်းနေပြီဖြစ်ရာ လောလောဆယ်တွင် အင်တာမီလန်အတွက် စီးရီးအေဖလား ထပ်မံရရှိရေးအတွက် ရှေ့ဆုံးမှ တိုက်စစ်ဆင်ကစားနေသော သူရဲကောင်းတစ်ဦးသဖွယ် ရပ်တည်နေပါကြောင်း။ ။

(ကိုးကား-အင်တာနက်သတင်းများ)

စပိန်လာလီဂါ ဘာစီလိုနာ သရေပွဲကြုံ ရီးရဲမက်ဒရစ် အောက်ဆုံးမှ လီဗန်တေးကို ရှုံးနိမ့်

မက်ဒရစ် ဖေဖော်ဝါရီ ၆

စပိန်လာလီဂါပွဲစဉ် (၂၁) ဘောလုံးပြိုင်ပွဲများကို ဖေဖော်ဝါရီ ၄ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ချန်ပီယံ ဘာစီလိုနာအသင်းသည် အိုဆာဆူနာတို့ အိမ်ကွင်း၌ တစ်ဂိုးမျှမသွင်းနိုင်ဘဲ သရေပွဲကြုံခဲ့ရသည်။

ဘာစီလိုနာအသင်းသည်အကြိတ်အနယ် ထိုးဖောက် ကစားသော်လည်း အိုဆာဆူနာ နောက်တန်းကစားသမားများ၏ ဖျက်အားကောင်း ခြေစွမ်းကြောင့် ဂိုးသွင်းခွင့်များ ဆုံးရှုံးခဲ့ရသည်။ သို့ရာတွင် ဘာစီလိုနာ အသင်းသည် ချန်ပီယံခြေစွမ်းပီပီ တစ်ချိန်လုံး အိုဆာဆူနာအသင်းကို ဘောလုံးပိုင်ဆိုင်မှု အများဆုံးဖြင့် ဖိကစားနိုင်ခဲ့သည်။

ရီးရဲမက်ဒရစ်အသင်းမှ တောရက်စ် (ဝဲ)**နှင့် ဆာဂျီယိုရာမို့စ်**(ယာ)**တို့ လီဗန်တေးကစားသမား ဘောလက်စတာခြေထဲမှ ဘောလုံး ညှပ်၍ လုယူခဲ့သည်ကို ဤသို့ တွေ့ရသည်။** (ဓာတ်ပုံ-အင်တာနက်)

ကိုးကားတင်ပြသူ-မြင့်မောင်စိုး

ဘာစီလိုနာအသင်းသည် ယင်းပွဲတွင်သရေကစားခဲ့ရသော်လည်း အမှတ်ပေးဇယား နံပါတ်တစ်နေရာတွင် စိုးမိုးထားဆဲ ဖြစ်သည်။ ယင်းတို့သည် ၂၁ပွဲ ကစား၊ ၁၂ပွဲနိုင်၊ ၇ပွဲသရေ၊ ၂ပွဲရှုံးပြီး ရမှတ် ၄၃မှတ်ဖြင့် အမှတ်ပေးဇယား ထိပ်ဆုံးနေရာတွင် ရယူထားသည်။

ဆီဗီလာ-ရီးရဲဆိုစီဒက်

ဘာစီလိုနာကဲ့သို့ ဆီဗီလာအသင်းသည်လည်း အိမ်ကွင်း၌ ရီးရဲဆိုစီဒက်အသင်းကို တစ်ဂိုးမျှမသွင်းနိုင်ဘဲ ပွဲပြီးသွားခဲ့သည်။ သို့သော်လည်း ဆီဗီလာအသင်းသည် ပွဲစဉ်(၂၁)အပြီး ဘာစီလိုနာအသင်းပြီးနောက် ရမှတ် ၄၂မှတ်ဖြင့် ဒုတိယနေရာမှ ကပ်လိုက်နေသည်။

အကယ်၍သာ ဆီဗီလာတို့ အိမ်ကွင်း၌ အနိုင်ရခဲ့လျှင် ဆီဗီလာတို့ အမှတ်ပေးဇယား ထိပ်ဆုံးနေရာကို ဘာစီလိုနာအသင်းထံမှ ဆီဗီလာအသင်းက လွှဲပြောင်းရယူမည် ဖြစ်သည်။ သို့သော်လည်း ဆီဗီလာတို့ သရေကစားပြီး တစ်မှတ်ဖြင့်သာ ကျေနပ်လိုက်ရသည်။ ဆီဗီလာအသင်းသည် ယခုနှစ် စပိန်လာလီဂါတွင် ခြေစွမ်းပြနေသော အသင်းတစ်သင်းတွင် ပါဝင်ရာ ၂၁ပွဲကစား ၁၃ပွဲနိုင်၊ ရမှတ် ၄၂မှတ်ဖြင့် အမှတ်ပေးဇယား ဒုတိယနေရာမှ လိုက်နေသည်။

ရီးရဲမက်ဒရစ်-လီဗန်တေး

နာမည်ကြီး ရီးရဲမက်ဒရစ်အသင်းသည် အိမ်ကွင်း၌ အမှတ်ပေးဇယား အောက်ဆုံးသုံးသင်းစာရင်းဝင် လီဗန်တေးအသင်းကိုပင် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့၍ အလွန်ရှက်ဖွယ် ကောင်းသည့် ရလဒ်ဖြင့် ရင်ဆိုင်လိုက်ရသည်။

ကြယ်စင်စုများ စုဝေးရာ နာမည်ကြီး ရီးရဲမက်ဒရစ်တို့ လီဗန်တေးအသင်းကိုပင် ရှုံးနိမ့်ခဲ့၍ အနာဂတ်မြင့်တင်ရေး ဆောင်ရွက် ကြိုးပမ်းမှုမှာ အောင်မြင်ရေးလမ်းကြောင်းပေါ် ပြန်ရောက်ရန် အလွန်ကြိုးစားရမည့် အခြေအနေသို့ဆိုက်ရောက်သွားသည်။ ရီးရဲတို့ အိမ်ကွင်းတွင် အကြိတ်အနယ်ကစားခဲ့သော်လည်း အသင်းခေါင်းဆောင်ရာအူးလ်၊ တိုက်စစ်မှူး နစ္စတယ်ရွိုင်းတို့ ဂိုးပေါက်ပျောက်ကာ ချေပဂိုး တစ်ဂိုးပင် မသွင်းနိုင်လောက်အောင် ဖြစ်ခဲ့ရသည်။ ရီးရဲမက်ဒရစ်တို့ ယခုနှစ်ရာသီ ပရီမီယာလီဂါတွင် ၂၁ပွဲကစား ၁၂ပွဲနိုင်၊ နှစ်ပွဲသရေ၊ ၇ပွဲရှုံးပြီး အမှတ်ပေး ဇယား နံပါတ် လေးနေရာ၌သာ ရပ်တည်နေသည်။ ။

ဘာစီလိုနာအသင်းမှဒေကို(ယာ)**၏ထိုးဖောက်မှုကို အိုဆာဆူနာ ကစားသမား ပူနယ် ဖျက်ထုတ်ရန် ကြိုးစားခဲ့စဉ်။**
(ဓာတ်ပုံ-အင်တာနက်)

အခြားပွဲရလဒ်များ

ဘီဘာအို	၁	-	၂	**ရီးရဲဘက်တစ်**
ဆဲလ်တာဗီဂို	၁	-	၁	**ဂျင်နက်စတစ်**
ရေးဆင်း	၁	-	၀	**ဂီတာဖေး**
ရီခရီယေးတီဗို	၂	-	၁	**ဗီလာရီးရဲ**

(အင်တာနက်)

ELECTRICAL ENGINEER
EASTWIND SHIPMANAGEMENT PTE LTD.
SINGAPORE

ကိုယ်တွေ့ဉာဏ်မြင် ဝိပဿနာရှုနည်း

စာပေးစာယူ(ဓမ္မဒါန)သင်တန်း

စာတိုက်သေတ္တာအမှတ်(၁၂၅)၊ ရန်ကုန်မြို့။

Technical Service Co., Ltd

၁။ သင်တန်းသို့ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများနှင့် ဘွဲ့ရရှိပြီးသူများ လျှောက်ထားနိုင်ပါသည်။
၂။ ဆေးဝါးကျွမ်းကျင်အကူသင်တန်းသား (၅၀)၊ သူနာပြုအကူသင်တန်းသား (၅၀) လက်ခံမည်။
၃။ လျှောက်ထားသူသည်–
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ပြီး ကျန်းမာသန်စွမ်းသူဖြစ်ရမည်။
(ခ) သင်တန်းပြီးဆုံးပါက ပြည်တွင်းပြည်ပ အလုပ်အကိုင်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးမည်။
(ဂ) ဆေးဆိုင်ဖွင့်မည်သူများကို အစအဆုံး ကူညီပေးမည်။
၄။ လျှောက်လွှာများကို နီးစပ်ရာ အောင်စကြာကုမ္ပဏီများ(ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ ပြည်၊ မော်လမြိုင်၊ လှိုင်ကော်၊ တောင်ကြီး၊ ပုသိမ်မြို့၊ မကွေးမြို့)များသို့ ၉-၂-၂၀၀၇ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။
သင်တန်းဖွင့်လှစ်မည့်နေ့ရက် – ဖေဖော်ဝါရီ ၁၀ရက်၊ ၁၂ရက်၊ ၂၀၀၇။
သင်တန်းကာလ – သုံးလ (လျှောက်လွှာများလာရောက်ဝယ်ယူနိုင်သည်)

ရန်ကုန်ရုံးချုပ် – အမှတ် ၂၁၅၊ မြေညီ၊ ၃၈လမ်း(ထက်)၊ ကျောက်တံတား၊ ဖုန်း–၀၁–၃၇၆၀၇၃၊ ၀၉၅–၁၅၈၆၃၈၊ ၀၉၉၉–၇၂၀၈၉၊ ၀၁–၂၈၂၄၃၁၊
မန္တလေးရုံးခွဲ – အမှတ် ၅၈၈/A၊ လမ်း–၈၀၊ ၃၅ X ၃၆ လမ်းကြား၊ ဖုန်း–၀၂–၂၅၇၆၆၊ ၀၉–၂၀၀–၄၆၈၈၊
မုံရွာရုံးခွဲ – အမှတ် ၄၅၊ ကျောက္ကာလမ်းမြောက်ဘက်၊ ပေ ၈၀ လမ်း၊ အရှေ့ဘက်၊ သလ္လာ(၅)ရပ်ကွက်၊ ဖုန်း–၀၉–၅၁၄၇၄၇၂၊
ပြည်ရုံးခွဲ – အမှတ် ၈၁၉၊ ဗိုလ်ချုပ်လမ်း၊ သာသနာ့ဗိမာန်ရှေ့၊ ဆံတော်ရပ်ကွက်၊ ဖုန်း–၀၅၃–၂၅၃၀၆၊
မော်လမြိုင်ရုံးခွဲ – အမှတ် A/၆၊ ရွှေစံပယ်အိမ်ရာ၊ မြိုင်ရတနာဈေးကြီးရှေ့၊ '၇'ကားဂိတ်အနီး၊ ဖက်တန်းနယ်မြေ၊ ဖုန်း–၀၉–၅၃၂–၂၂၄၀၊
လှိုင်ကော်ရုံးခွဲ – ထေးသ/မရိပ်သာ၊ ချိကယ်၊ လှိုင်ကော်မြို့၊ ဖုန်း–၀၈၃–၂၁၃၇၆၊
တောင်ကြီးရုံးခွဲ – အမှတ် ၁၁၂/၁၁၃၊ (Y.M.C.A)တိုက်ခန်း၊ ရုံးကြီးလမ်း၊ နယ်မြေ(၈)၊ သစ်တောရပ်ကွက်၊ ဖုန်း–၀၉၅–၂၁၀၆၄၆၊
ပုသိမ်ရုံးခွဲ – အမှတ် ၄၃/A၊ ရှင်ပင်ဘုန်းပွင့်လမ်းနှင့် မရမ်းချိုလမ်းဆုံ၊ လမင်းဆေးခန်းအနီး၊ ဖုန်း–၀၉–၅၂၀၂၆၇၉၊
မကွေးရုံးခွဲ – အမှတ် ၁၅၊ မဲထီးလမ်း၊ ဈေးရပ်၊ မကွေးမြို့၊ ဖုန်း–၀၉၅–၁၅၈၆၃၈၊ ၀၉၉၉–၇၂၀၈၉။

အမည်ပြောင်း

အထက(၃)တာမွေ အ၄မတန်း(က)မှ မောင်ရည်မွန်ခန့်အား မောင်ရည်မွန်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ရည်မွန်။**

ဧစ္စပ်ကြောင်းလမ်းပြီးစီးခြင်း

မြင်းခြံမြို့၊ အမှတ်(၁၄)ရပ်ကွက်၊ သပြေပင်လမ်းနေ ဦးမြင့်ဆွေ–ဒေါ်ခင်မာတင်(ဝင်းမေတ္တာစတိုး)တို့၏သား

မောင်ယဉ်ဝင်း B.E (Civil), MTU

အငယ်တန်းအင်ဂျင်နီယာ(၂)၊ လမ်းတံတားဌာန

နေပြည်တော် စည်ပင်သာယာရေးကော်မတီ

နှင့်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကိုင်းတန်းလမ်း၊ အမှတ် ၆၉ နေ (ဦးဖေစိုး၊ အထပြ၊ ငြိမ်း–ဒေါ်လှရီ)တို့၏သမီးထွေး

မသူဇာဦး

B.Sc. (Maths)

တို့သည် ၂-၂-၂၀၀၇ရက် (သောကြာနေ့)တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ယဉ်ဝင်း–မသူဇာဦး။

အမည်ပြောင်း အဖ ဦးအောင်ကျော်ဦး၏သား အထက(၃)လှိုင်မြို့နယ် သတ္တမတန်း(A)မှ မောင်ဥက္ကာမင်းအား ယနေ့မှစ၍ မောင်ကျော်ဇင်ခန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကျော်ဇင်ခန့်။**

Y.E.S.
Basic Spoken English : Feb - 13, 17, 19, 27
Pre-Intermediate English : Feb - 13,17,19
Issues in Writing, Basic Writing: Feb - 5,27
Structure & Written Expression : Mar - 10
SAT, IELTS, Issue in Writing:Mar-10,12,14
AWC, TOEFL, API, IE, VEC, GEC

သမ္မတ

ဧစ္စပ်ကြောင်းလမ်းခြင်းအားဖျက်သိမ်းခြင်း

မောင်စိုးညီညီ နှင့်ကျွန်မ **မမြတ်သူဇာ**တို့သည် ၂၄–၁၁–၂၀၀၄ရက်တွင် စေ့စပ်ကြောင်းလမ်းခဲ့ပြီး ယခုအခါ စိတ်သဘောထားချင်းမတိုက်ဆိုင်တော့ပါသဖြင့် စေ့စပ်ထားခြင်းအား မမြတ်သူဇာမှ စတင်ဖျက်သိမ်းကြောင်း အသိပေးကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မမြတ်သူဇာ။

အများသိစေရန်

(၁) ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အနော်ရထာလမ်း၊ အမှတ် ၂၃၂/၂၃၄ဟုခေါ်တွင်သော မြေပိုင်မြေကွက်၊ ယင်းမြေကွက်ပေါ်ရှိ သုံးထပ်အဆောက်အအုံနှင့်အကျိုးခံစားခွင့်အရပ်ရပ်။ (၂) ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ် ၂၅၅/၂၆၁ဟု ခေါ်တွင်သော မြေပိုင်မြေကွက်၊ ယင်းမြေကွက်ပေါ်ရှိ သုံးထပ်အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်တိုင်း၊ တရားရုံးတော် ၂၀၀၃ခုနှစ် တရားမကြီးမှုအမှတ်–၃၂၆တွင် တရားရုံးတော်မှ ၃၀–၅–၂၀၀၃ရက်၌ ချမှတ်ခဲ့သော စီရင်ချက်အမိန့်ဒီကရီအရ ကျွန်တော် ဦးအောင်မြင့်(ခ) ဝိုင်အီးမိုဒန်ပါ ငါးဦးမှ တရားဝင် ပူးတွဲအမွေဆက်ခံပိုင်ဆိုင်ကြပါသည်။ ကျွန်တော်တို့ပိုင် ဖော်ပြပါဥပစာများတွင် ငှားရမ်းနေထိုင်လျက် ရှိကြသော အိမ်ငှားများသည် ကျွန်တော်တို့ထံမှ တရားဝင် သဘောတူခွင့်ပြုချက်မရရှိဘဲ အိမ်ခန်းအား လွှဲပြောင်းရောင်းချခြင်း၊ တစ်ဆင့်အငှားချထားခြင်း၊ ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်း၊ ထပ်ခိုးတင်ခြင်း၊ မူလပုံစံအား တစ်နည်းနည်းဖြင့် ဖျက်ဆီးစေခြင်းများမပြုလုပ်ကြရန် သတိပေးတားမြစ်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ တရားစွဲဆိုသွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးအောင်မြင့်(ခ)ဝိုင်အီးမိုဒန်
၁၂/ပဘတ(နိုင်)၀၀၈၆၅၆
(မိမိကိုယ်တိုင်နှင့်ဒေါ်ခင်စပွါယ်+၃ ဦးတို့၏တရားဝင်ကိုယ်စားလှယ်)
အမှတ် ၂၈၄–၂၈၆၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

မြို့နယ်အချို့၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၆

ကရင်ပြည်နယ် မြဝတီမြို့ (၅)ရပ်ကွက် ဝါးထောလမ်းနေ ဦးငွေထွန်း၏ မြေစိုက်တဲအိမ်၌ ဖေဖော်ဝါရီ ၁ ရက် ညနေ ၅ နာရီခန့်တွင် ခေတ်ဆီပုံး လဲလှယ်ရာ အနီးရှိ မီးဖိုမှ တစ်ဆင့် မီးကူးစက် လောင်ကျွမ်းမှု ဖြစ်ပွားရာ တဲ ၁၁ လုံး မီးလောင်ခံရပြီး ငွေကျပ် ၅၀၀၀၀ ဖိုးခန့်ဆုံးရှုံးသည်။

ပျဉ်းမနား

အလားတူ ပျဉ်းမနားမြို့ ပေါင်းလောင်းရပ်ကွက်(၁၉)လမ်းနှင့် သဇင်လမ်းထောင့်ရှိ ဦးမြင့်သိန်းပိုင် "အောင်ကောင်း" လျှပ်စစ်နှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်၌ ဖေဖော်ဝါရီ ၄ ရက် နံနက် ၁ နာရီ ၄၅ မိနစ်ခန့်တွင် မီးအားမြင့်စက်မှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားရာ အဆောက်အအုံနှင့် ဆိုင်အတွင်းရှိ ပစ္စည်းများ မီးလောင်ခံရပြီး ငွေကျပ် ၁၅၀၀၀၀၀ ဖိုးခန့် ဆုံးရှုံးသည်။

ပန်းတနော်

ထို့အတူ ဧရာဝတီတိုင်း မအူပင်ခရိုင် ပန်းတနော်မြို့ မြို့ဝင်လမ်း၊ ပန်းတနော် တံတားထိပ်၊ ဆည်မြောင်းတာဘေးနေ ဒေါ်တင်တင်ဦး လူနေအကြော်တဲ၌ ဖေဖော်ဝါရီ၄ရက် နံနက် ၂ နာရီခန့်တွင် မီးဖိုမီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားရာ တဲ တစ်လုံး မီးလောင်ခံရပြီး ငွေကျပ် ၁၀၀၀၀ ဖိုးခန့်ဆုံးရှုံးသည်။

ပဲခူး

ပဲခူးတိုင်း ပဲခူးမြို့ သွန်းဘုရားရပ်ကွက် ၁၀ လမ်း အမှတ် ၉၁ နေ ဦးတင်စိုး၏ နှစ်ထပ်အိမ်၌ ဖေဖော်ဝါရီ ၄ ရက် နံနက် ၁ နာရီ ၄၅ မိနစ်ခန့်တွင် ဘုရားမီးပူဇော်ရာမှ မီးလောင်မှုဖြစ်ပွားရာ အိမ်နှစ်လုံး မီးလောင်ခံရပြီး ခြောက်ဦး မီးဘေးဒုက္ခရောက်ကာ ငွေကျပ် ၃၀၀၀၀၀ ဖိုးခန့် ဆုံးရှုံးသွားကြောင်း မီးသတ်ဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

KMD i-Office
(Duration 80 Hours)

ကွမ်းလုံ၌ ဆင်းရှေလီ နွေစပါးမျိုးစေ့ချပွဲတော်ကျင်းပ

ကွမ်းလုံ ဒီဇင်ဘာ ၃၀

ရှမ်းပြည်နယ် (မြောက်ပိုင်း)ကွမ်းလုံမြို့နယ် ၂၀၀၆-၂၀၀၇ခုနှစ် နွေစပါးမျိုးစေ့ချပွဲတော် အခမ်းအနားကို ဒီဇင်ဘာ ၁၈ရက် နံနက် ၉နာရီက ကွမ်းလုံမြို့နယ် နမ့်ဟူးကျေးရွာ တောင်သူ ဦးစံထွန်း၏လယ်ကွက်တွင် ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး တင်အောင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်မြင့်နှင့်အဖွဲ့ဝင်များ၊မြို့နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ရွှေနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တောင်သူဦးကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်အတွင်းရေးမှူးနှင့် မြို့နယ်ဥက္ကဋ္ဌတို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးသိန်းထွန်းက ဆင်းရှေလီအထူးအထွက်တိုး၈၀၃ မျိုးစပါး စိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းပြောကြားကာ နယ်မြေခံ တပ်နယ်မှူး ဗိုလ်မှူးကြီးဦးတင်အောင်နှင့် တာဝန်ရှိသူများက နွေစပါး မျိုးစေ့ချပေးကြသည်။

စိုက်ပျိုးမည်

၂၀၀၆-၂၀၀၇ခုနှစ် နွေရာသီတွင် ကွမ်းလုံမြို့နယ် အတွင်း ဆင်းရှေလီနွေစပါး ဧက၇၀၀စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများ သောက်သုံးမှုထိန်းချုပ်ရေး နည်းဥပဒေ ထပ်ဆင့်ရှင်းလင်းပွဲ အရာတော်မြို့၌ကျင်းပ

အရာတော် ဇန်နဝါရီ ၆

စစ်ကိုင်းတိုင်း မုံရွာခရိုင် အရာတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးနည်းဥပဒေများ ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၂ရက် မွန်းလွဲ ၂နာရီက မြို့နယ်ပြည်သူ့ဆေးရုံ ဆာဆာကာဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်လှလှဝင်းက ဆေးလိပ်နှင့် ဆေးရွက်ကြီး ထွက်ပစ္စည်းများ သောက်သုံးမှု ထိန်းချုပ်ရေးနှင့် ပတ်သက်သည့် နည်းဥပဒေဆိုင်ရာများ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကျန်းမာရေး ဦးစီးမှူး ဒေါက်တာဒေါ်မြင့်မြင့်ခိုင်က ဆေးလိပ် နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးနှင့် ပတ်သက်၍ သုံးစွဲသူများတွင် ဖြစ်ပေါ်မည့် ကျန်းမာရေး ထိခိုက်စေရာ ရောဂါများ အကြောင်းကို ပညာပေးဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇန်နဝါရီ ၂၄ရက်က မကွေး မြို့ ကန်သာရပ်ကွက် ငုရွှေဝါလမ်း အရှည်ပေ၁၈၀၀၊အကျယ်၁၂ပေရှိ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ ဦးဇော်ဝင်းနှင့် အင်ဂျင်နီယာမှူး ဦးဝင်းမြင့်တို့ ကွင်းဆင်းကြပ်မတ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သရုပ်ပြ

မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြိုင်နှင့် အင်ဂျင်နီယာမှူး ဦးခင်လှိုင်တို့ ဇန်နဝါရီ ၁၉ရက်က သံဖြူဇရပ်မြို့ မြို့မဈေးအတွင်း မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့တို့ မီးဘေးကြိုတင်ကာကွယ်ရေး ဓာတ်တိုက်သရုပ်ပြ လေ့ကျင့်မှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကြက်ငှက်တုပ်ကွေးရောဂါ သင်တန်းငပုတော၌ဖွင့် အပူဒဏ်ခံ ကြက်လည်လိမ် ကာကွယ်ဆေးဖြန့်ဝေ

ငပုတော ဇန်နဝါရီ ၂၅

ငပုတောမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ပူးပေါင်း၍ ကြက်ငှက်တုပ်ကွေးရောဂါသင်တန်းအမှတ်စဉ်(၂)ဖွင့်ပွဲကို ဇန်နဝါရီ ၁၀ရက် နံနက် ၈နာရီက အသင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူးဒေါ်တင်သိန်း(**အပေါ်ပုံ**)၊ အသင်းအတွင်းရေးမှူးဦးအေးကြည်၊ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကိုကိုကြီးတို့က အမှာစကား ပြောကြားကြပြီး မြို့နယ်ဦးစီးအရာရှိ ဒေါက်တာ စိုးသိမ်း၊ မြို့နယ် မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ် အတွင်းရေးမှူးဒေါက်တာအောင်သန်းစိုးတို့က ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေး ဆွေးနွေးပို့ချသည်။

ထို့နောက် ပုသိမ်မြို့ ဒေသဆိုင်ရာ ဓာတ်ခွဲခန်း လက်ထောက်သုတေသနအရာရှိ ဒေါက်တာကျော်နိုင်က အပူဒဏ်ခံကြက်လည်လိမ်ကာကွယ်ဆေးအကြောင်း ရှင်းလင်းပို့ချ၍ ကျေးရွာအုပ်စု ၅၀မှ သင်တန်းသား ၁၀၀အား ကာကွယ်ဆေးများ ဖြန့်ဝေပေးကြသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

တောလွှစက်ဝိုင်းဖြင့် တရားမဝင်ခိုးလှည်းသော ကျွန်းနှင့် အင်ကြင်းသစ်များ အင်းတော်၌ဖမ်းဆီး

အင်းတော် ဇန်နဝါရီ ၁၀

စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအေးသန်းသည် အင်းတော်မြို့နယ် အလယ်ကျွန်းကျေးရွာအုပ်စု သက်ခါးကျေးရွာအနီး နမီးတိုးချဲ့သစ်တောကြိုးဝိုင်း အကွက်အမှတ်(၂၇)မှ ကျွန်းသစ်နှင့် အင်ကြင်းသစ်များကို တောလွှစက်ဝိုင်းဖြင့် တရားမဝင် ခိုးလှည်းနေကြောင်း တာဝန်သိပြည်သူနှစ်ဦး၏ သတင်းပေးသဖြင့် ဒီဇင်ဘာ၁၄ရက်က တောအုပ်ကြီး ဦးအောင်ကျော်သန်း၊ တောအုပ် ဦးအေးကျော်နှင့် တာဝန်ရှိ တောခေါင်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အင်းတော်ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်စိုးလှိုင်နှင့်နယ်ထိန်းတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အဆိုပါသစ်တောကြိုးဝိုင်းတောတွင်းသို့ တာဝန်သိပြည်သူနှစ်ဦး၏ အကူအညီဖြင့် သွားရောက်ရှာဖွေစစ်ဆေးခဲ့ကြသည်။

ထိုသို့ သွားရောက်ရှာဖွေစစ်ဆေးခဲ့ကြရာ သက်ခါးကျေးရွာ၏မြောက်ဘက် နှစ်ဖာလုံခန့်အကွာရှိ ဦးကျော်သောင်း (သက်ခါးကျေးရွာ)၏ လယ်တဲနေရာနှင့် ၎င်းလယ်တဲ၏အရှေ့မြောက်ဘက်တစ်မိုင်ခန့်အကွာတွင် ဝှက်ထားသော ကျွန်းသစ်ခွဲသားဆိုက်စုံ၅၈၇ချောင်း(၇ဒသမ ၁၈၈)တန်၊ ကျွန်းသစ်လုံးခြောက်လုံး(၂ဒသမ၂၆၈)တန်နှင့် အင်ကြင်းသစ်လုံး သုံးလုံး(၁ ဒသမ၄၇)တန်နှင့်အတူ ၂၀၀၃ခုနှစ်ထုတ် တရုတ်စက်အမျိုးအစား ဂျင်ဒေါင်း၂၂ ကောင်အား အင်ဂျင်စက်တို့ကို အသိသက်သေများရှေ့တွင် ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

ထို့ကြောင့် သက်ခါးကျေးရွာမှ ဦးကျော်သောင်း(၄၈)နှစ်နှင့် ၎င်း၏သား ကိုဝင်းဦး (၂၇)နှစ်တို့နှစ်ဦးအား ဖမ်းဆီးကြပြီး အင်းတော်ရဲစခန်းမှ အမှုစစ်ဒုရဲအုပ်ကျော်မြအောင်က တရားဥပဒေအရ အမှုဖွင့်တရားစွဲဆိုနိုင်ရန် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၁၃၃)**

ပင်းတယမြို့၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ပင်းတယ ဇန်နဝါရီ ၃၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ဇန်နဝါရီ ၁၆ရက်က သိမ်ကုန်းကျေးရွာ ပညာ့ဗိမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သိမ်ကုန်းကျေးရွာ ကျောင်းထိုင်ဆရာတော် ဦးဝိလာသဂ္ဂ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဦးသန့်ရှင်းမောင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးဘလှိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ဟောပြောပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ရှင်းမောင်က ကျေးရွာစာကြည့်တိုက် ရေရှည်တည်တံ့ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်း ဟောပြောသည်။

ဆက်လက်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် တောင်ကြီး မော်ကွန်းရုပ်ရှင်အဖွဲ့တို့ ပူးပေါင်း၍ ည၇နာရီခွဲက ကျေးရွာနေပြည်သူများ အသိပညာဗဟုသုတ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အကြီးအကဲ ခရီးစဉ်မှတ်တမ်းများ၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းများ၊ ဖျော်ဖြေရေးရုပ်ရှင်ဇာတ်လမ်းများပြသပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ယင်းမာပင်မြို့နယ် ရပ်ကွက်နှင့် ကျေးရွာဥက္ကဋ္ဌများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်းဆင်း

ယင်းမာပင် ဇန်နဝါရီ ၈

ယင်းမာပင် မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်း(၁/၂၀၀၆)ဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၉ရက် နံနက်၈နာရီက ယင်းမာပင်မြို့ ပြည်သူ့ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မုံရွာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းမြင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် သင်တန်းသား ၁၉၇ဦး တက်ရောက်ကြသည်။

အမှာစကား

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းမြင့်က သင်တန်းဆင်း အမှာစကား ပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ထို့နောက် သင်တန်းသားများ၏ ဆေးပဒေသာပင် လှူဒါန်းငွေကျပ် ၇၁၅၀၀ကို မြို့နယ်ကျန်းမာရေး ဦးစီးအရာရှိဒေါက်တာခင်ခင်ထွန်းက လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**

မြိတ်မြို့နယ် အင်းလေး ကမ်းအမက၏ ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၁၆ ရက်က အဆိုပါ ကျောင်းခန်းမဆောင်၌ ကျင်းပရာ ကျောင်းသူ ကျောင်းသားလေးများက ဒို့ပြည်ထောင်စု တေးသရုပ်ဖော်ဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။ (မြို့နယ်ပညာရေး)

ခနော်ဖြူမြို့နယ်ဥက္ကဋ္ဌ ဦးတင့်လွင် ဇန်နဝါရီ ၁၉ရက် က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေးနှင့်အတူ ပိုင်စွန်နန်ကျေးရွာနှင့်သဘော သပြုကျေးရွာ လမ်းပန်းဆက်သွယ်မှု အဆင်ပြေမြန်ဆန်ရေးအတွက် ပိုင်စွန်နန်-သဘော သပြု ကျေးလက်လမ်း ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းခွင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးစဉ်။ (၀၈၅)

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် လှည်းတန်းလမ်းမ အမှတ် ၈၇နေ ဖခင်ကြီး ဦးသီး–မိခင်ကြီး ဒေါ်လှစိန်တို့အား ရည်စူး၍ ဒေါ်မြင့်မြင့်၊ ဒေါ်ခင်ဌေး၊ ဒေါ်မြသန်းဝင်း မိသားစုတို့က ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ရွှေကျောင်းတိုက် မြန်အောင်သမ္မုဒ္ဒေစေတီရံများ နှစ်စဉ်ရွှေသင်္ကန်း ကပ်လှူနိုင်ရန် ထာဝရငွေပဒေသာပင် တစ်ပင်အတွက် ငွေကျပ် တစ်သိန်း လှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်တော်မူစဉ်။ (က–ပ)

အရိပ်ရပင်နှင့် ပန်းအလှပင်စိုက်ပျိုး

ညောင်ရွှေ ဇန်နဝါရီ ၂၅

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် လမ်းဘေးတွင် အရိပ်ရပင်များ၊ ပန်းအလှပင်များ ဝေဆာစွာ ပွင့်ဖူးနေစေရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၅ ရက်က ဖောင်တော်ဆိုက် လမ်းဘေး ဝဲယာ တစ်လျှောက်တွင် အရိပ်ရပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်းကို အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးမောင်တိုးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးခင်မောင်တိုးတို့ ကြီးကြပ် ဆောင်ရွက်ကြကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ရန်ကုန်မြို့ ဗဟန်းမြို့နယ်ကမ္ဘာအေးစေတီလမ်း အမှတ်(၃၉/ဂျီ) နေ ဦးတင်လှ–အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးကြည် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ် ကျောင်း တော် ကြီး အတွက် အလှူငွေ ကျပ်ငါးသိန်းကို အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ပါဠိ

သိရောမဏိဝင့်သကာ(B.A)အဂ္ဂမဟာပဏ္ဍိတ စာပေပါရဂူ(Ph.D)ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန)ဒုတိယဥက္ကဋ္ဌဆရာကြီးဦးအောင်သန်းထံပေးအပ်လှူဒါန်းစဉ်။ (က–ပ)

သထုံမြို့နယ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်ရေးရာလုပ်ရှားဆောင်ရွက်မှု အခြေခံစစ်ရေးပြပြိုင်

သထုံ ဇန်နဝါရီ ၂၀

သထုံမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း လူငယ်ရေးရာ လှုပ်ရှားဆောင်ရွက်မှု လက်နက်မဲ့ အခြေခံစစ်ရေးပြပြိုင်ပွဲကို ဇန်နဝါရီ ၉ရက် နံနက် ၈နာရီ မိနစ် ၂၀က သုဝဏ္ဏခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁)ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းသန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးချမ်းငြိမ်းအောင်**(အပေါ်ပုံ)**၊ လက်ထောက် မြို့နယ် ပညာရေးမှူး ဦးအောင်စိုးဝင်းနှင့် အထက်တန်း၊ အလယ်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက် အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ပြိုင်ပွဲဝင်အသင်း များ တက်ရောက်ကြသည်။

အမျိုးသမီးပြိုင်ပွဲတွင် အမှတ်(၃)အခြေခံပညာအထက် တန်းကျောင်းက ပထမ၊ အမှတ်(၂)အခြေခံပညာအထက် တန်းကျောင်းက ဒုတိယ၊ အမှတ်(၁) အခြေခံပညာ အထက် တန်းကျောင်းက တတိယဆုကိုလည်းကောင်း၊ အမျိုးသား ပြိုင်ပွဲတွင် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းက ပထမ၊ အခြေခံပညာ အထက်တန်းကျောင်း ကြာပန်းက ဒုတိယ၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းက တတိယဆုများရရှိကြောင်း သိရသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

ပိန်းဇလုပ် သုံးထပ်ရွှေကျောင်းတော် ပြုပြင်ရန် အလှူငွေပေးအပ်ပွဲအခမ်းအနား ကျင်းပ

ညောင်လေးပင် ဖေဖော်ဝါရီ ၆

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ပိန်းဇလုပ် သုဓမ္မာပရိယတ္တိစာသင်တိုက် အတွင်းရှိ သုဝဏ္ဏဝတီ သုံးထပ် ရွှေကျောင်းတော် ပြန်လည် ပြုပြင်ရန် အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၀ရက်က ကျင်းပ သည်။

ဆက်ကပ်

ငွေလှူဒါန်းပွဲတွင် မြို့မပါရမီ ဆွမ်းလောင်းအသင်း ဦးတင်အောင်–ဒေါ်သန်းသန်းဝင်း (စိန်ဆေးလိပ်ခုံ)၊ ဒေါ်စိန်တုတ်နှင့် သားသမီးတစ်စု၊ ဒေါ်ထွေး၊ ဒေါ်ငွေအား အမှူးထား၍ ကိုဝင်းဇော်ဦး–မဆန်းလှဦး (၂၅)နှစ် မြောက်ငွေရတုအထိမ်းအမှတ်ဦးပွကြီး–ဒေါ်ဖွားမို၊ သား–ကိုအောင်ကျော်အား ရည်စူး၍ ဦးအောင်သိန်း–ဒေါ်ဝင်းကြည် မိသားစုတို့က ငွေကျပ်တစ်သိန်းစီ၊ ရန်ကုန်မြို့ အလယ်တောရပြွန်တန်ဆာ ဆရာတော်၊ ဦးထွေး–ဒေါ်မြမိသားစု၊ ဦးတင်ကြိုင် – ဒေါ်လှတင် မိသားစု၊ ဒေါ်ခင်ဝင်းကြည်၊ ဒေါ်ခင်စန်းကြည် (ညွှန့်ဆေးလိပ်ခုံ)၊ ကိုကြည်လင်–မမူမူသန်း၊ သမီး–ရူပါထွန်း၊ သား– သော်ဇင်ထွန်း၊ ပိုင်ဇင်ထွန်း၊ ဦးညွှန့်ရှိန်အားရည်စူး၍ ကျန်ရစ်သူမိသားစုတို့က ငွေကျပ်ငါးသောင်းစီကို ပဓာန ဆရာတော် ဦးဥတ္တမသာရထံ ဆက်ကပ် လှူဒါန်းကြသည်။

လှူဒါန်းနိုင်

ပါဝင်လှူဒါန်းလိုသူများသည် ကိုမင်းလွင် ဖုန်း–၅၄၃၄၂၄၊ ကိုဝင်းကျော် ဖုန်း–၀၉–၅၁၀–၈၇၆၉ နှင့် ဒေါ်ပြုံးကြည် ဖုန်း–၆၆၆၁၆၀ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြို့နယ်သတင်းများ

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်း၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် အဖွဲ့ပိုင် ဈေးများတွင် ရောင်းချသော ဟင်းသီး၊ ဟင်းရွက်များ သန့်ရှင်းလတ်ဆတ်၍ ဓာတုဗေဒဆေးဝါးများ ကင်းစင်ရေးအတွက် ဒီဇင်ဘာ ၂၈ရက်က ဒုတိယဦးစီးမှူး (ဈေး) ဦးတိုးမြင့်အောင်၊ ကျန်းမာရေးမှူး(၂) ဦးမောင်မောင်နိုင်နှင့် ဈေးအဖွဲ့ ဝန်ထမ်းများ မြသာယာဈေးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မီးဘေးကြိုတင်ကာကွယ်ရေး မီးသွယ်တန်း

ကလေး ဇန်နဝါရီ ၁၀

ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးလုံခြုံရေးအတွက် လုံခြုံရေးလျှပ်စစ်မီးများ သွယ်တန်းထားမှုနှင့် ဈေးမီးဘေးကြိုတင် ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုကို ဒီဇင်ဘာ ၂၆ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးအောင်သိန်းလှိုင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်က လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ (၄၁၇)

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ဥက္ကံမြို့ဆိုင်းတန်းလမ်းကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဇန်နဝါရီ ၇ရက်က ဦးစီးအရာရှိ ဦးထွန်းခင်နှင့် အငယ်တန်းအင်ဂျင်နီယာ–၂ (မြို့ပြ) ဦးဝင်းမင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သက်ပြည့်ဆရာမ(ငြိမ်း)အား ထောက်ပံ့ငွေလှူဒါန်း

သံဖြူဇရပ် ဇန်နဝါရီ ၃၁

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပညာမိသားစုက ကြီးမှူး၍ သက်ပြည့်အငြိမ်းစားယူသွားခဲ့သည့် ဆရာမကြီး ဒေါ်ခင်သောင်းအား ငွေထောက်ပံ့လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ၂၆ရက်က မြို့နယ်ပညာရေးမှူးရုံး၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဦး၊ သံဖြူဇရပ်မြို့နယ်အတွင်းရှိ အထက၊ အလက၊ အမက ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဦးက သက်ပြည့်အငြိမ်းစားယူခဲ့သည့် စက်သစ်ရပ် အမကကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သောင်းအား ထောက်ပံ့လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဦးက ငွေကျပ်သုံးသိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သောင်းအား ထောက်ပံ့ လှူဒါန်းသည်။ **(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**

မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ဦးစီးမှူး (သန့်) ဦးကြည်စိုး ဦးဆောင်သော သန့်ရှင်းရေးဝန်ထမ်းများ ဇန်နဝါရီ ၈ရက်က မောရဝတီပန်းခြံ အနောက်လမ်းတွင် ချုံနွယ်နှင့် မြက်များရှင်းလင်းကြစဉ်။ (မြို့နယ်စည်ပင်)

ကလေးများ ကျန်းမာသန်စွမ်းမှုပြပွဲ ပြိုင်ပွဲကျင်းပ

စလင်း ဇန်နဝါရီ ၁၂

(၅၉) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးတိုင်း စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ကလေးများ ကိုယ်ခန္ဓာ ကျန်းမာသန်စွမ်းမှု ပြပွဲ၊ ပြိုင်ပွဲကို ဇန်နဝါရီ ၃ရက်က အသင်းအဆောက်အအုံ၌ ကျင်းပသည်။

ဆက်လက်၍ ဇန်နဝါရီ ၄ရက်တွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းနိုင် တက်ရောက်အမှာစကား ပြောကြားပြီး ကလေးများ ကျန်းမာသန်စွမ်းမှုဆုအပြင် အမြွှာဆုနှင့် လွတ်လပ်ရေးနေ့မွေးသူ အထူးဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

တောင်ငူမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် ဦးအောင်ဌေး(မှူးအောင်)၏ နေအိမ် မီးလောင်ခဲ့သဖြင့် အဖွဲ့ဝင်များ စုပေါင်းထောက်ပံ့ငွေပေးအပ်ပွဲကို ဇန်နဝါရီ ၁၃ ရက်က မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့(ယာယီ)ရုံးခန်းမ၌ ကျင်းပရာ အဖွဲ့နာယက ဦးကျော်လှ(သတင်းထောက်)နှင့် အဖွဲ့ဝင်များက ထောက်ပံ့ငွေပေးအပ်စဉ်။ (၃၇၂)

စာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးရေးဆွေးနွေး ကိုယ်ပိုင်အဆောက်အအုံ ရရှိရေးကြိုးပမ်း

မိတ္ထီလာ ဇန်နဝါရီ ၁၀

မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းသည် မလှိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဆွေဆွေမြင့်နှင့် ဝန်ထမ်းများ လိုက်ပါလျက် ဒီဇင်ဘာ၁၆ရက်က လှိုင်မြို့နယ် ဖျောက်ဆိပ်ကျင်း ကျေးရွာအုပ်စု သဲကျွန်းကျေးရွာ အလင်းရောင်စာကြည့်တိုက်သို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ထို့နောက် ခရိုင်ဦးစီးအရာရှိသည် ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ စာပေဝါသနာရှင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာအုပ်တိုးပွားရေးတို့ကို ဆွေးနွေးမှာကြားခဲ့သည်။

ဆွေးနွေးညှိနှိုင်း

ဆက်လက်၍ ခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်အုန်းသည် လက်ပံချိုင်းကျေးရွာ ပန်းပျိုးသူ စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံကာ စာအုပ်လှူဒါန်းရေး၊ အဆောက်အအုံ ကိုယ်ပိုင်ရရှိရေးတို့ကို ဆွေးနွေးညှိနှိုင်းကြသည်။

(ခရိုင် ပြန်/ဆက်)

သန်လျင်မြို့ သာသနာ့ဗိမာန် တည်ဆောက်ရေးအတွက် ကျောက်တန်းမြို့ အရှေ့ပိုင်း ကမ်းနားလမ်းနေ ဦးအေးသောင် - ဒေါ်အုန်းမြင့်တို့အား ရည်စူး၍ ဒေါ်ရီ(ဆန်ပွဲရုံ) မိသားစုက အလှူငွေ ကျပ်နှစ်သိန်းကို ဇန်နဝါရီ ၁၈ရက်က ပေးအပ်လှူဒါန်းရာ ဘဏ္ဍာငွေရှာဖွေရေး ကော်မတီ ဥက္ကဋ္ဌ ဆရာကြီး ဦးတင်ရှိန်နှင့် တာဝန်ရှိသူများက လက်ခံယူစဉ်။ (ခရိုင် ပြန်/ဆက်)

ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေးသင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူဖြစ်ရမည်။

(ဂ) ၁-၁-၂၀၀၇ရက်နေ့တွင် အသက် ၁၆နှစ်ပြည့်ပြီး ၁၉နှစ်ထက် မကြီးရ။

၂။ လျှောက်လွှာများကို နီးစပ်ရာ စစ်ဌာနချုပ်များတွင် ၇-၂-၂၀၀၇ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၂၁-၂-၂၀၀၇ရက်နေ့မှ ၁-၃-၂၀၀၇ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင် လာရောက်သတင်းပို့ လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်၊

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်၊

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်း/မြို့နယ် ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊

(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စပို့အရွယ် ဓာတ်ပုံ(၃)ပုံ။

၃။ သတ်မှတ်ချက်များနှင့် ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် အမှတ်(၁) အရာခံနှင့် အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာ ဒီပလိုမာ Dip. C.S(Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာကျပ်၁၅၀၀၀ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ် သင်တန်းပြီးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာကျပ် ၁၆၀၀၀ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး/စာရေး(တတိယတန်း)အဖြစ် ခန့်အပ်ပေးမည်။

၆။ လုပ်သက် ၂နှစ်ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာ၊ စရိတ်များရရှိမည်-

	အဆင့်အတန်း	အခြေခံလစာ	အရည်အချင်းလစာ	M.H.R.A	ပေါင်း
(က)	တပ်ကြပ်ကြီး/စာရေး (တတိယတန်း)	၃၄၀၀၀	၂၀၀	၅၀၀၀	၃၉၂၀၀
(ခ)	တပ်ကြပ်ကြီး/စာရေး (ဒုတိယတန်း)	၃၄၀၀၀	၃၀၀	၅၀၀၀	၃၉၃၀၀
(ဂ)	တပ်ကြပ်ကြီး/စာရေး (ပထမတန်း)	၃၄၀၀၀	၄၀၀	၅၀၀၀	၃၉၄၀၀
(ဃ)	ဒုတိယအရာခံဗိုလ်/စာရေး	၄၆၀၀၀	၄၀၀	၅၀၀၀	၅၁၄၀၀
(င)	အရာခံဗိုလ်/စာရေး	၅၂၀၀၀	၄၀၀	၅၀၀၀	၅၇၄၀၀

မှတ်ချက်။ ။နှစ်တိုးလစာကို ၂နှစ်လျှင် ၁၀၀၀ိ/-နှုန်းဖြင့် ၅၀၀၀ိ/-အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာ ဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိသူ တပ်ကြပ်ကြီး/စာရေးများသည် စစ်မှုထမ်းသက် ၆နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း **ဗိုလ်လောင်းသင်တန်း**သို့ လျှောက်ထားနိုင်သည်။

၉။ ထို့ပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး/စာရေးများသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ**မြန်မာစစ်သံ(ကြည်း၊ရေ၊လေ)ရုံးများတွင်** မိသားစုနှင့်အတူ သွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

မှတ်ချက်။ ။အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
တပို့တွဲလပြည့်ကျော် ၇ ရက်
၈-၂-၂၀၀၇
(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မင်္ဂလသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ငါးကျည်းဆေးထိုးသားဖောက်မွေးမြူနည်း)

၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) မေတ္တာနှလုံးသား ပုံရိပ်များ (မောင်ခင်မင်-ဓနုဖြူ)
(၂) အမျိုးသားရောဂါ သိကောင်းစရာနှင့် ကာကွယ်ကုသနည်း (ဆရာမြင့်-စကြာမင်း)

၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (ဆေးပညာအတွက် ခေတ်မီရိုးရာဆေးဝါးကုထုံးများ-ပထမပိုင်း) (မောင်ဆုရှင်)

၁၂း၃၀ အစာနှင့် အာဟာရ (ရှမ်းရိုးရာစားဖွယ်ရာ)

ညနေပိုင်း

၁၆း၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၁၅ သုတကမ္ဘာ

၁၈း၂၅ သံစဉ်တေးသွားမေတ္တာစကား
(၁) အချစ်ဆုံးရယ် နားလည်ပါ (တက္ကသိုလ်လဲ့လဲ့)
(၂) မောင်နားလည်တဲ့ချစ်အဓိပ္ပာယ် (ဂီတာဖေဝင်း)

၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)

၁၉း၁၅ ဓာတ်လမ်းပမာနားဆင်စရာ (ရလဒ်ကောင်း၏ အဖြေမှန်)

၁၉း၃၅ ခေတ်မရွေးသော တေးများ
(၁) ချစ်အရိပ် (ခင်ညွန့်ရီ)
(၂) ကိုလေးတို့ မောင်းမကန် (မောင်ကြည်တိုး)
(၃) ချစ်စရာ ကိုရွှေတမာ (ရီရီသန့်)

၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) သစ္စာပန်းတစ်ခက် (ချိုပြုံး)
(၂) မျက်ရည်ရွဲဒါလီ (ကိုမောင်မောင်)
(၃) ချစ်သူ့လိုရာ (ခင်ခင်)

7-2 (17) 1 2/7/07, 2:05 PM

မြန်မာနိုင်ငံတွင် ဘာသာအားလုံး လွတ်လပ်စွာ ကိုးကွယ်ဝတ်ပြုခွင့်ရှိ မိမိတို့၏ ဘာသာရေးယုံကြည်ချက်ကို လွတ်လပ်စွာဖော်ထုတ်ပြောဆိုခွင့်များ ရရှိနေ

မြန်မာနိုင်ငံသားများနှင့် ခရစ်ယာန်များအကျိုးစီးပွားအတွက်ဟု အမည်တပ်၍ ပြည်ပအဖွဲ့အချို့ လှုပ်ရှားဆောင်ရွက်နေခြင်းသည် မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်နှင့်သော်လည်းကောင်း၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီနှင့်သော်လည်းကောင်း လုံးဝပါဝင်ပတ်သက်ခြင်းမရှိ

ကမ္ဘာ့ခရစ်ယာန်များ စည်းလုံးညီညွတ်ရေးအဖွဲ့ (CSW)၏ အစီရင်ခံစာသည် လုံးဝမှားယွင်းနေ မြန်မာနိုင်ငံ၏ ဘာသာရေးဆိုင်ရာ အေးချမ်းနေမှုအခြေအနေကို အနှောင့်အယှက်ပြုရာရောက်သဖြင့် ဝမ်းနည်းဖွယ်ရာဖြစ်

ဘာသာဝင်များအချင်းချင်း အထင်အမြင်လွဲမှားအောင် ကြိုးပမ်းအားထုတ်မှု မပြုလုပ်ရန် တိုက်တွန်း

နေပြည်တော် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ် ကြိုးကိုင်နိုင်ရေးအတွက် အနောက်နိုင်ငံကြီးအချို့နှင့် အပေါင်းပါများက မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ မမှန်ကန်သော အကြောင်းပြစွပ်စွဲချက်များကို မဟုတ်မမှန် လုပ်ကြံဖန်တီး ထုတ်လွှင့်လျက်ရှိသည်။

အမေရိကန်အစိုးရက ၎င်းတို့နှစ်စဉ်ထုတ်ပြန်သည့် ဘာသာရေးလွတ်လပ်ခွင့်မရှိသော နိုင်ငံများစာရင်း၌ မြန်မာနိုင်ငံကို အမြဲထည့်သွင်းပြီး မဟုတ်မမှန် လုပ်ကြံစွပ်စွဲလျက်ရှိသကဲ့သို့ ၎င်း၏လက်ဝေခံ အဖွဲ့အစည်းများ၊ လက်ပါးစေပုဆိန်ရိုးများကိုလည်း မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ဘာသာရေးဆိုင်ရာ သတင်းအချက်အလက်အမှားများကို လုပ်ကြံဖန်တီးပေးပို့ ထုတ်လွှင့်စေလျက်ရှိသည်။

ဗြိတိန်နိုင်ငံအခြေစိုက် ကမ္ဘာ့ခရစ်ယာန် စည်းလုံးညီညွတ်ရေးအဖွဲ့ (Christian Solidarity Worldwide-CSW)ကလည်း ၂၃-၁-၂၀၀၇ ရက်စွဲဖြင့် မြန်မာနိုင်ငံအတွင်း ခရစ်ယာန်ဘာသာဝင်များ ဖိနှိပ်ခံနေရကြောင်း အစီရင်ခံစာထုတ်ပြန်ပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှ အထင်အမြင်လွဲမှားအောင် ပူးပေါင်းကြံစည်လုပ်ဆောင်ခဲ့သည်။

မြန်မာနိုင်ငံတွင် ဘာသာဟူသမျှကို လွတ်လပ်စွာ အတူတကွယှဉ်တွဲကိုးကွယ်နိုင်သည့် ကောင်းကျိုးတရားများ ထွန်းကားပြန့်ပွားအောင် ကိုယ်တိုင်ကိုယ်ကျ မျက်ဝါးထင်ထင် ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိနေကြသော မြန်မာနိုင်ငံအတွင်းရှိ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူဘာသာရေးဆိုင်ရာ အသင်းအဖွဲ့များက အဆိုပါ CSW အဖွဲ့၏ အစီရင်ခံစာနှင့်ပတ်သက်၍ ၎င်းတို့၏ သဘောထားကြေညာချက်များကို အသီးသီးထုတ်ပြန်ကြေညာခဲ့ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က NLD ဗဟိုဌာနချုပ်သို့ နေ့စဉ်ဝင်ထွက်ဆက်သွယ်နေ

၂၀၀၇ ခုနှစ် ဇန်နဝါရီလအတွင်း ၎င်းသံရုံးနှစ်ခုမှ NLD ဌာနချုပ်သို့ (၃၄)ကြိမ် လာရောက်တွေ့ဆုံခဲ့

ပြည်တွင်းပါတီဝင်များ၏ ဆန္ဒသဘောထားကို အလေးမထားဘဲ ထိုနိုင်ငံကြီးနှစ်ခုကို အားကိုးမှီခိုလွန်းနေသော NLD ၏ ရှေ့အလားအလာသည် ကျဆုံးခန်းတိုင်နေပြီဟု ပြည်သူလူထုက ဝေဖန်ပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၆

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဗဟိုသည် ပြည်တွင်းမှပါတီဝင်တို့၏ သဘောထားကို အလေးဂရုမပြုဘဲ ပြည်ပနိုင်ငံများ(အထူးသဖြင့် အနောက်တိုင်းနိုင်ငံကြီးများ)ကိုသာ အားကိုးမှီခိုလွန်းခြင်း၊ အမျိုးသားရေးကို ဦးထိပ်ပန်ဆင်ရမည့်အစား တစ်မျိုးသားလုံးကို နယ်ချဲ့ကျွန်ဘဝ၊ ကိုလိုနီနောက်မြီးဆွဲဘဝသို့ ပို့ဆောင်နေခြင်း၊ ဒီမိုကရေစီအခြေခံမူဝါဒလမ်းစဉ်ကိုပစ်ပယ်ခြင်း စသည့်လုပ်ရပ်အမှားများကို ဆက်တိုက်ကျူးလွန်နေသဖြင့် NLD မှ ပါတီဝင်အများအပြား တဖွဲဖွဲနုတ်ထွက်လျက်ရှိကြောင်း သတင်းများရရှိသည်။

ယင်းသို့ အမျိုးသားရေးအကျိုးစီးပွားပျက်သုဉ်းအောင် စဉ်ဆက်မပြတ် လုပ်ဆောင်နေသော NLD ဗဟို၏လုပ်ရပ်များကို အမျိုးသားရေးအကျိုးစီးပွားဘက်မှ ရပ်တည်တုံ့ပြန်သွားရန်အတွက် NLD မှ နုတ်ထွက်ခဲ့သူများက ယခုအခါ ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ)အဖွဲ့ကို ဖွဲ့စည်းထူထောင်ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

ထို့အတူ အများပြည်သူတို့ကလည်း NLD ၏ လှုပ်ရှားဆောင်ရွက်မှုများကို စောင့်ကြည့်သုံးသပ်အကဲဖြတ်နေကြရာ အထူးသဖြင့် ရန်ကုန်မြို့ အနောက်ရွှေဂုံတိုင်လမ်းရှိ NLD ဌာနချုပ်နှင့် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံး၊ ဗြိတိန်သံရုံးတို့၏ ဝင်ထွက်သွားလာမှုနှင့် ဆက်သွယ်ဆောင်ရွက်နေမှုများကို သတိပြုမိနေကြကြောင်း သတင်းရရှိသည်။

ယင်းသို့ သတိပြုမိနေကြသော ပြည်သူများက-

ယခု ၂၀၀၇ ခုနှစ် ဇန်နဝါရီလအတွင်း၌ NLD ဌာနချုပ်သို့ အမေရိကန်သံရုံးမှ ၂၉ ကြိမ်၊ ဗြိတိန်သံရုံးမှ ငါးကြိမ် စုစုပေါင်း ၃၄ ကြိမ် လာရောက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထိုသို့လာရောက်ရာတွင် သံတမန်များ၊ သံရုံးဝန်ထမ်းဆိုသူများက NLD ဌာနချုပ်ရုံးအတွင်း၌ NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အကြိမ်ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြသည်ဟု ကြားသိရကြောင်း၊ ထိုသံရုံးများမှပေးပို့သော စာအိတ်ကြီးငယ်များကိုလည်း NLD ဌာနချုပ်က လက်ခံရယူနေသည်ကို တွေ့ရှိရကြောင်း။

၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် အမေရိကန်နှင့် ဗြိတိန်တို့ပူးပေါင်းပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက် (Resolution) ချမှတ်နိုင်ရေးအတွက် အဆိုပြုချက်မူကြမ်း တင်သွင်းခဲ့ကြောင်း၊ ထိုရက်မတိုင်မီ ဇန်နဝါရီလ ၉ ရက်နေ့တွင် NLD ဌာနချုပ်သို့ အမေရိကန်သံရုံးမှ လေးကြိမ်၊ ဗြိတိန်သံရုံးမှတစ်ကြိမ် လာရောက်ခဲ့သည်ကို တွေ့ရကြောင်း၊ ထို့နောက် ဇန်နဝါရီလ ၁၀ ရက်နေ့၌လည်း NLD ဌာနချုပ်သို့ အမေရိကန်သံရုံးမှ သုံးကြိမ်အထိ လာရောက်ခဲ့သည်ကို တွေ့ရကြောင်း၊ ယင်းနောက် ဇန်နဝါရီလ ၁၁ ရက်နေ့၌ NLD ဌာနချုပ်က အထူးကြေညာချက်ဆိုသည်ကို ထုတ်ပြန်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံအရေး ဆွေးနွေးနေမှုအပေါ် လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများအားလုံး ထောက်ခံကြရန် တိုက်တွန်းခဲ့သည်ကို တွေ့ရှိရကြောင်း။

ယင်းဖြစ်စဉ်ကိုကြည့်ပါက NLD ဗဟိုအနေဖြင့် အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့၏ သံရုံးများမှတစ်ဆင့် ကြိုးကိုင်စေခိုင်းမှုအတိုင်း အချိန်ကိုက် ဟန်ချက်ညီ

စာမျက်နှာ ၈ ကော်လံ ၁ ■

7-2 (20) 1 2/7/07, 2:05 PM